# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၉)ရက် ၊ တနင်္ဂနွေနေ့ ၊ (11-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၅၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ နိုင်ငံတော်သစ် ရှေ့သို့ချီ မဲရုံသွားလို့ မဲပေးမည်။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ကန့်ကြီးထောင့်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို ယနေ့နံနက်ပိုင်းတွင် ဧရာသီရိသုခ ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကန့်ကြီးထောင့်မြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊

စာမျက်နှာ ၁၆ ကော်လံ ၁




အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)

အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်မီ

အရည်အသွေးမြင့်HRB-500 အမျိုးအစား

Deformed Bar များကို စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၉၆၉၈၀၂၂၄၇

ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# အောင်မြင်ထူးချွန်စွာဖြေဆိုနိုင်ပြီး ကြိုးစားခြင်း၏အသီးအပွင့်များကိုခံစား

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာတွင် ပညာဖြင့်တည်ဆောက်ရန် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များစွာလိုအပ်သည်။ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူလူငယ်တို့၏ ဘဝတစ်ဆစ်ချိုးပြောင်းလဲမှုအတွက် အခြေခံပညာတွင် အဆင့်အမြင့်ဆုံးဖြစ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်အောင်မြင်အောင် ကြိုးပမ်းဖြေဆိုကြရမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၆ ခုနှစ် မတ်လတွင်ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနကစာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်းကို ဒီဇင်ဘာ ၁၉ ရက်က နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါကြေညာချက်အရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၆ ခုနှစ် မတ် ၁၁ ရက်မှ မတ် ၁၇ ရက်ထိ ဖြေဆိုကြရမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းအရ ၂၀၂၆ ခုနှစ် မတ် ၁၁ ရက်တွင် မြန်မာစာ၊ မတ် ၁၂ ရက်တွင် အင်္ဂလိပ်စာ၊ မတ် ၁၃ ရက်တွင် သင်္ချာ၊ မတ် ၁၄ ရက်တွင် ဓာတုဗေဒ၊ ပထဝီဝင်၊ မတ် ၁၆ ရက်တွင် ရူပဗေဒ၊ သမိုင်း၊ မတ် ၁၇ ရက်တွင် ဇီဝဗေဒ၊ ဘောဂဗေဒ စသည့်ဘာသာရပ်အသီးသီးတို့ကို ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာများတွင် ဘာသာရပ်အလိုက်ဖြေဆိုရမည့် ဘာသာရပ်အနှစ်ချုပ်များကို ဇန်နဝါရီ ၅ ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိသည်။ ထူးချွန်အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများဖြစ်စေရန် မိဘများကလည်း ပံ့ပိုးကူညီပေးကြရမည်ဖြစ်သည်။ ထို့ပြင် ဆရာ၊ ဆရာမများအနေဖြင့်လည်း ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုသည့်အတိုင်း မိမိတပည့်များ ပန်းကောင်းပန်နိုင်ရန်အတွက် ယခုကဲ့သို့ အရေးကြီးသည့်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ကြိုးပမ်းနေသောအချိန်ကာလတွင် ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရမည်ဖြစ်ပေသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ကျောင်းသူများအနေဖြင့် စာသင်နှစ်တစ်နှစ်တာကာလလုံး မိမိတို့သင်ကြားခဲ့ရသည့် ဘာသာရပ်အသီးသီးမှ သင်ခန်းစာများကို လေ့ကျင့်ကျက်မှတ်၍ ထူးချွန်အောင်မြင်စွာဖြေဆိုနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် အောင်မြင်စေရန်၊ အောင်မြင်ရာတွင် ဂုဏ်ထူးများပါစေရန်၊ ဂုဏ်ထူးပါသည့်တိုင် အမှတ်ကောင်းများရရှိစေရန် ကျန်ရှိနေသည့်အချိန်ကာလအတွင်း ရေကုန်ရေခန်းကြိုးစားလေ့လာကျက်မှတ်ကြရမည်ဖြစ်သည်။ ထိုမှသာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ရည်မှန်းထားသည့် ပန်းတိုင်သို့ တက်လှမ်းကာ အောင်မြင်မှုများဆွတ်ခူးနိုင်ပြီး နိုင်ငံတော်အတွက် အဖိုးတန်သားကောင်း၊ သမီးကောင်း ရတနာများဖြစ်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကိုတည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များလူငယ်များသည် တစ်ထောင့်တစ်နေရာမှ ပါဝင်နေပေသည်။ အောင်မြင်မှုမှန်သမျှသည် ကြိုးစားအားထုတ်မှုမှ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ကြိုးစားမှုမရှိဘဲ အောင်မြင်မှုမရနိုင်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဇွဲ၊ လုံ့လ၊ ဝီရိယကိုအရင်းပြု၍ အချိန်ရှိခိုက်လုံလစိုက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ကျန်ရှိနေသည့်အချိန်ကာလတွင် ကြိုးစားနေကြရမည်ဖြစ်သည်။ ထို့ကြောင့် မကြာခင်ဖြေဆိုရမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူတိုင်း အောင်မြင်ထူးချွန်စွာဖြေဆိုနိုင်ပြီး ကြိုးစားခြင်း၏အသီးအပွင့်ရလဒ်များကို ခံစားနိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၀၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၀၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် နှမ်း ၆၀၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ဧက ၁၇၀၊ ကလေးဝမြို့နယ်တွင် ဧက ၅၈၀၊ မင်းကင်းမြို့နယ်တွင် ၅၃၂၅ ဧက စုစုပေါင်း ၆၀၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၆၀၉၃ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၆၀၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားများ ပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန် ရည်ရွယ်၍ ကြက်မောက်ကျေးရွာအုပ်စု ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချမ်းသာကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု မရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချမ်းသာကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၄ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၂၆ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၂ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက အုန်းသီးအလုံးရေ ၅၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် အုန်းသီးများ အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကော ခြံထွက်သီးနှံတွေပါ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း အုန်းသီးအလုံးရေ ၇၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်ကနေ ဒေသထွက်ကုန်အုန်းသီးတွေမှာယူအားကောင်းနေပါတယ်။ ပြည်တွင်းမှာကို အုန်းသီးတွေ အဝယ်လိုက်နေတယ်လို့ သိရတယ်"ဟု ဓနုဖြူမြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှဌေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ဒေသထွက် အုန်းသီးများကို အုန်းသီးခြောက်၊ အုန်းသီးစိမ်း၊ အုန်းသီးနုစသည်ဖြင့် ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ ရောင်းချနေကြောင်း၊ အဆိုပါအုန်းသီးများ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် အုန်းသီးစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ တက်ရောက်မည့် တိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များအား တွေ့ဆုံ




**မန္တလေး ဇန်နဝါရီ ၁၀**

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် နေပြည်တော်၌ သုံးရက်ကြာကျင်းပသည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026)သို့ တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များနှင့် အုပ်ချုပ်သူများအား ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီးလူငယ်ရေးရာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များ ဖိုရမ်တက်ရောက်နိုင်ရေး ရွေးချယ်ရာတွင် ဆွေးနွေးပြောကြားသွားမည့် ခေါင်းစဉ်အကြောင်းအရာများကို ကျွမ်းကျင်ပိုင်နိုင်စွာပြောဆိုနိုင်သူ၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူများနှင့် ထဲထဲဝင်ဝင် ပါဝင်ဆွေးနွေးနိုင်သူ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ၊ ဆွေးနွေးပွဲများတွင် တက်ကြွစွာပါဝင်ပြီး အပြုသဘောဆောင် ဆွေးနွေးပြောကြားနိုင်သူ ထူးချွန်သည့်လူငယ်ကိုယ်စားလှယ်များကို အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်သူများ ဖြစ်အောင် အကောင်းဆုံး ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ ဖိုရမ်တွင် ဆွေးနွေးခဲ့မှုများနှင့် အတွေ့အကြုံများကို ထပ်ဆင့်ပြန်လည်မျှဝေဆွေးနွေးခြင်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ တက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များအား တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပြင်ပအဖွဲ့အစည်းများမှ အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့မှု၊ ဖိုရမ်သို့ တက်ရောက်ရန်အတွက် ဆောင်ရွက်ထားသည့် အစီအစဉ်များ၊ လုပ်ငန်းအစီအမံဆောင်ရွက်ထားမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးက တိုင်းဒေသကြီးလူငယ်ကိုယ်စားလှယ်များနှင့်ပတ်သက်၍ လူငယ်ရေးရာဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခဲ့မှုနှင့် ကျေးဇူးတင်စကားကို ပြောကြားပြီးနောက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ တက်ရောက်မည့် လူငယ်ကိုယ်စားလှယ် အမျိုးသား ငါးဦး၊ အမျိုးသမီးငါးဦး၊ အုပ်ချုပ်သူနှစ်ဦးတို့က တစ်ဦးချင်း မိတ်ဆက်စကားများပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့သွားရောက်မည့်အဖွဲ့အား တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးချီးမြှင့်ငွေကျပ် ၁၀၈၁၂၅၀၀၀ အား အဖွဲ့အုပ်ချုပ်သူထံသို့ ပေးအပ်ခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်ဦးချင်း ဂုဏ်ပြုငွေများကို ချီးမြှင့်ခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု လူငယ်ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၃ ရက်မှ ဇန်နဝါရီ ၁၅ ရက်ထိ နေပြည်တော်၌ ကျင်းပမည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026)သို့ တက်ရောက်ရန် ဇန်နဝါရီ ၁၁ ရက်တွင် မန္တလေးမြို့မှ နေပြည်တော်သို့ ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဟုမ္မလင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဟုမ္မလင်း ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၃၇၁၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ်အောက်တိုဘာလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၉ ဒသမ ၃ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၆၃၇၁၃ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးခင်းတွေ လက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့လဲ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိစနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိ ပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းများလဲ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိမိုးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင်ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မနောသုခဆန် အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ဆန်တွေက အရည်အသွေးကောင်းပါတယ်။ ဒါကြောင့်လဲ အဆက်မပြတ် တင်ပို့နေရပါတယ်။ ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ မနောသုခဆန်အိတ်ရေ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းကနေ အဓိကထားတင်ပို့ရောင်းချနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိမိုးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါမနောသုခဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အောင်မြင်သောလုပ်ငန်းဖြစ်စေရေး စနစ်တကျစီမံခန့်ခွဲပေး

မျိုးသူ(ကုန်သွယ်မြှင့်)

> ❖ ယခုအခါ Work Hard ထက် Work Smart ဖြစ်အောင် အလုပ်လုပ်ပါဟု ပြောလာကြသည်။ အောင်မြင်သည့်လုပ်ငန်းရှင်တစ်ဦးအနေဖြင့် အလုပ်များကို ခွဲဝေတာဝန်ချထားနိုင်ရမည်။ အလုပ်ကို စနစ်တကျစီမံခန့်ခွဲနိုင်ရမည်။ တစ်နည်းအားဖြင့် စီမံခန့်ခွဲမှုပညာကို ကျွမ်းကျင်စွာတတ်မြောက်ပြီး အလုပ်များကိုခွဲဝေလုပ်ကိုင်နိုင်ရမည်ဖြစ်သည်။ အလုပ်အားလုံးကို တစ်ဦးတည်းသိမ်းကျုံးအလုပ်လုပ်နေရသည်ကိုပိုင်းခြားပြီး အချို့အလုပ်များကို ဝန်ထမ်းငယ်များကို တာဝန်ခွဲပေးခြင်းမျိုးလုပ်ကိုင်ရမည်ဖြစ်သည်။ ❖

စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် အချို့သောလုပ်ငန်းငယ်များသည် မိသားစုလုပ်ငန်းအသွင်ဖြင့်ရှိတတ်ကြသည်။ တစ်ဦးတည်းလုပ်ကိုင်နေရတတ်သဖြင့် အလုပ်နှင့်လက်မပြတ်ဘဲ ပြင်းပြင်းထန်ထန်အလုပ်လုပ်ရလေ့ရှိသည်။ လုပ်ရင်းကိုင်ရင်း အလုပ်ကို စွဲလမ်းလာတတ်သည်။ ထိုသို့ အလုပ်စွဲနေပြီး လုပ်နေသော်လည်း ခရီးမတွင်သည်မျိုးကြုံရတတ်သည်။ လုပ်ငန်းငယ်ပိုင်ရှင်အများစုအနေနှင့် တစ်ဦးတည်းရုန်းကန်ရခြင်းဖြင့် ကြုံလေ့ရှိသည့်ပြဿနာလိုဖြစ်နေသည်။ ယုံကြည်စိတ်ချရသော လက်ထောက်တစ်ဦး သို့မဟုတ် လူခွဲမရှိသည့်အချက်က တစ်ဦးတည်းလုပ်ကိုင်ရင်း အလုပ်စွဲလမ်းလာခြင်းကိုဖြစ်စေသည်။ အလုပ်စွဲသူများသည် များသောအားဖြင့် ကြီးပွားတိုးတက်ချင်စိတ်ဖြင့် ကြိုးစားရင်း အလုပ်စွဲလာကြပြီး အိပ်ချိန်၊ စားချိန်၊ နားချိန်ကို အလွန်လျှော့ချပြီး အလုပ်ကို နာရီပေါင်းများစွာကြာအောင် အလုပ်လုပ်တတ်ကြသည်။ အလုပ်စွဲသူများကို အာရှတိုက်မှနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အများစုတွေ့ရတတ်သည်ဟုဆိုသည်။ အထူးသဖြင့် အလုပ်သာအဓိကဟူသောအယူအဆရှိသည့် နိုင်ငံများဖြစ်တတ်သည်။ အထင်ရှားဆုံးနိုင်ငံများအနက် ပထမဟု ပြောနိုင်သည့်နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်သည်။

ဂျပန်နိုင်ငံတွင် Karoshi (ကာရိုရှိ) ဟုခေါ်သည့် စကားမှာ အလုပ်ပင်ပန်းလွန်းသဖြင့် သေဆုံးခြင်းကို ပြောခြင်းဖြစ်သည်။ ထိုကဲ့သို့ အလုပ်အပြင်းအထန်လုပ်ခြင်းကို စွဲလမ်းမှုတစ်ခုကဲ့သို့ လုပ်ဆောင်မှုမည်မျှများသည်ကို ထိုစကားလုံးအားကြည့်ခြင်းဖြင့်ပင် သိနိုင်သည်။ အလုပ်ဆင်းချိန်ကျော်သည်ထိ အလုပ်လုပ်ခြင်း၊ အားလပ်ရက်မယူဘဲ အလုပ်လုပ်ခြင်းများသည် အလုပ်လုပ်သူတိုင်းအပေါ် ဖိအားတစ်ခုအနေဖြင့် ရှိနေတတ်သည်။ အလားတူပင် တောင်ကိုရီးယားနိုင်ငံသည်လည်း ဂျပန်နိုင်ငံကို ပြိုင်ဆိုင်လိုစိတ်ပြင်းထန်သည်နှင့်အမျှ ဂျပန်ကိုတု၍ အလုပ်ကို အပြင်းအထန်လုပ်လေ့ရှိသည်။ ကျောင်းသားဘဝတွင်ပင် ပြိုင်ဆိုင်မှုပြင်းထန်သည်နှင့်အမျှ မအိပ်မနေစာကျက်ရခြင်းများဖြင့် အလေ့အထဖြစ်လာစေသည်။ လုပ်ငန်းခွင်အတွင်းရောက်သည့်အခါတွင်လည်း အလုပ်သည်သာ ပထမဖြစ်နေတတ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် အစိုးရအလုပ်များသည် ကုမ္ပဏီအလုပ်များထက်လည်း လစာပိုကောင်းတတ်သဖြင့် လုပ်ငန်းခွင်ထဲတွင်လည်း ပြိုင်ဆိုင်မှုပြင်းထန်ပြီး အလုပ်ကို အပြင်းအထန်လုပ်လေ့ရှိကြသည်။ ကမ္ဘာတွင် တစ်နှစ်လျှင် အလုပ်လုပ်ချိန်အများဆုံးနိုင်ငံများထဲတွင် မက္ကဆီကိုနိုင်ငံလည်း ပါဝင်သည်ဟုဆိုသည်။ မက္ကဆီကိုတွင် ယဉ်ကျေးမှုထက် စီးပွားရေးအခြေအနေအရ မိသားစုကို ထောက်ပံ့နိုင်ရန်အတွက် အလုပ်ကို အချိန်ကြာမြင့်စွာလုပ်ကိုင်လေ့ရှိကြသည်။ ပင်ပင်ပန်းပန်းလုပ်လေ့ရှိကြသည်။ အာရှနိုင်ငံများတွင် ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့နောက်တွင် စင်ကာပူနိုင်ငံရှိသည်ဟုဆိုနိုင်သည်။ စင်ကာပူနိုင်ငံသည် အာရှတွင် အလုပ်လုပ်ချိန်အရှည်ဆုံးနိုင်ငံထဲတွင် ပါဝင်သည်ဟုဆိုသည်။ မြို့ပြလူနေမှုစရိတ်ကြီးမားခြင်းနှင့် ကြီးပွားတိုးတက်လိုစိတ်များကြောင့် အလုပ်ကို ဦးစားပေးလုပ်ကိုင်လေ့ရှိကြသည်ဟု သိရသည် ။ အမေရိကန်တွင်လည်း Hustle Culture အမြဲတမ်း ရုန်းကန်ကြိုးစားနေရမည်ဟူသော အယူအဆရှိပါသည်။အလုပ်ပိနေခြင်း၊အလုပ်များနေခြင်းကို ဂုဏ်ယူခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ဤအယူအဆမျိုးရှိသည်။ အမေရိကန်တွင် အိပ်ချိန်သည် လူပျင်းများအတွက် ဖြစ်သည်ဟုလည်းကောင်း၊ အမြဲတမ်း အလုပ်များနေရမည်ဟုလည်းကောင်း၊ အောင်မြင်မှုကို အလုပ်လုပ်ချိန်ဖြင့် တိုင်းတာခြင်းသည်လည်းကောင်း၊ အယူအဆယဉ်ကျေးမှုတစ်ခုပုံစံမျိုး ရှိနေခြင်းဖြစ်သည်။ ဤသို့ အလုပ်ကို ပြင်းပြင်းထန်ထန်နှင့် ကြာမြင့်စွာ အလုပ်လုပ်ခြင်းဖြင့် အစောပိုင်းတွင် အလုပ်၌ တိုးတက်မှုကို မြန်ဆန်စေသည်။ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်အားထက်သန်မှုကို တစ်ဖန်ပြန်ဖြစ်စေပြီး မိမိကိုယ်ကိုယ် လှုံ့ဆော်မှုပေးနိုင်သည်။ ထို့ပြင် ရည်မှန်းချက်ကြီးသူများအတွက် အလုပ်လုပ်နေခြင်းသည် အားဆေးတစ်ခုကဲ့သို့ ဖြစ်စေသည်။ သို့သော် ခန္ဓာကိုယ်မှာ ကျန်းမာရေး ထိခိုက်လာနိုင်ပြီး စိတ်ကုန်လူပန်းဖြစ်လာတတ်သည်။ ပေါင်းသင်းဆက်ဆံရေးနှင့် လူမှုရေးများတွင် ပျက်ကွက်မှုများလာတတ်သည်။ ထို့ကြောင့် အိမ်ထောင်ရေးနှင့် အပေါင်းအသင်းများကြားတွင် အားနည်းမှုများ ဖြစ်လာတတ်သည်။ ထို့ပြင် ရေရှည် အလုပ်ကို ပင်ပင်ပန်းပန်း ပြင်းပြင်းထန်ထန် လုပ်ကိုင်သည့်အတွက် တီထွင်ဖန်တီးနိုင်စွမ်းကျဆင်းတတ်ပါသည်။

**စမတ်ကျကျ အလုပ်လုပ်ပါ**

ယခုအခါ Work Hardထက် Work Smart ဖြစ်အောင် အလုပ်လုပ်ပါဟု ပြောလာကြသည်။ အောင်မြင်သည့် လုပ်ငန်းရှင်တစ်ဦးအနေဖြင့် အလုပ်များကို ခွဲဝေတာဝန်ချထားနိုင်ရမည်။ အလုပ်ကိုစနစ်တကျ စီမံခန့်ခွဲနိုင်ရမည်။ တစ်နည်းအားဖြင့် စီမံခန့်ခွဲမှုပညာကို ကျွမ်းကျင်စွာတတ်မြောက်ပြီး အလုပ်များကို ခွဲဝေလုပ်ကိုင်နိုင်ရမည်ဖြစ်သည်။ အလုပ်အားလုံးကို တစ်ဦးတည်း သိမ်းကျုံး အလုပ်လုပ်နေရသည်ကို ပိုင်းခြားပြီးအချို့အလုပ်များကို ဝန်ထမ်းငယ်များကို တာဝန်ခွဲပေးခြင်းမျိုးလုပ်ကိုင်ရမည်ဖြစ်သည်။ ထို့ပြင် အလုပ်တွင် အရေးကြီး၊ အလျင်အမြန်၊ ချက်ချင်း၊ သာမန်စသဖြင့် ဦးစားပေးအဆင့်များ သတ်မှတ်ပြီး ဆောင်ရွက်သင့်သည်။ အများအားဖြင့် အလုပ်များသည်၊ အလျင်အမြန်လုပ်ရန်လိုသည်များလည်း ဖြစ်နေတတ်သည်။ ထိုအခါ အားကိုးရသည့် ကိုယ်စားလှယ်တစ်ဦးကို ထားရှိဆောင်ရွက်မှသာ အဆင်ပြေနိုင်မည်ဖြစ်သည်။ Pareto Principle of Vilfredo Pareto ၏ နည်းလမ်းအတိုင်း (၈၀ : ၂၀နည်းလမ်း) အလုပ်များအားလုံးကို အရေးကြီးဆုံး အလုပ် ၂၀ ရာခိုင်နှုန်းကို ဦးစွာဆောင်ရွက်ပြီး ရလဒ်ကောင်း ၈၀ ရာခိုင်နှုန်းရအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုအခါ အလုပ်ချိန်သည်လည်း များစွာလျော့ကျလာမည်ဖြစ်သည်။ စနစ်တစ်ခုကိုလည်း တည်ဆောက်ထားနိုင်ရန်ကြိုးစားရမည်။ ကိုယ်တိုင်ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ လုပ်ငန်းသည် လည်ပတ်နေမည့်စနစ်တစ်ခုကို တည်ဆောက်ထားရန် လိုအပ်သည်။ သို့မှသာ ကိုယ်တိုင်လုပ်ကိုင်ရသည့်အချိန်ကို လျှော့ချသွားနိုင်မည်ဖြစ်သည်။ ထို့ပြင် နည်းပညာများကိုလည်း ထည့်သွင်းသုံးစွဲနိုင်ရန်လိုအပ်သည်။ စီစီတီဗွီတပ်ဆင်ထားခြင်းဖြင့် အခြားနေရာသို့ရောက်ရှိနေသော်လည်း အလုပ်ခွင်တွင် ကျန်ရစ်လုပ်ကိုင်နေသည့်ဝန်ထမ်းများကိုစောင့်ကြည့်ပြီး လိုအပ်သည်များကို ညွှန်ကြားနိုင်မည်ဖြစ်သည်။ အများအားဖြင့် မိသားစုလုပ်ငန်းများတွင် တစ်ဦးတည်း နေရာတိုင်းတွင် ပါဝင်အလုပ်လုပ်နေရတတ်သည်။ ထို့ကြောင့် နည်းပညာများကို အသုံးပြုခြင်းဖြင့် အလုပ်ချိန်ကို လျှော့ချနိုင်မည်ဖြစ်သည်။ လူခွဲမရှိခြင်းသည် လုပ်ငန်းတိုးချဲ့ရန်နှင့် လုပ်ငန်းအောင်မြင်ရန်အတွက် Bottle-neck အတားအဆီးတစ်ခုဖြစ်နေတတ်သည်။ အမြဲတမ်းလူခွဲမထားနိုင်သည့်တိုင်အောင် အချိန်ပိုင်းလုပ်ကိုင်ပေးနိုင်သူမျိုးကို ချိတ်ဆက်ထားပြီး လိုအပ်ချိန်တွင် သုံးစွဲနိုင်သည်။ အလုပ်သရဲဖြစ်နေသည့်အခါတွင် လူရောစိတ်ပါပင်ပန်းပြီး ကွန်ပျူတာဟမ်းသကဲ့သို့ ဖြစ်သွားတတ်သည်။ အထူးသဖြင့် ကျန်းမာရေးထိခိုက်လာပြီး အလုပ်လုပ်သလောက် အရာမထင်သည်များ ကြုံတွေ့လာတတ်သည်။ လူက Burnout ဖြစ်သွားတတ်သည်။ ထို့ကြောင့် အလုပ်ကို အလုပ်ချိန်မှာသေသေချာချာလုပ်ပြီး နားချိန်တွင် ပြည့်ပြည့်ဝဝနားခြင်းမျိုးက ကုန်ထုတ်လုပ်နိုင်စွမ်းနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို ပိုမိုကောင်းမွန်စေသည်။

**သင့်ရုံလုပ်ပြီး ပိုကောင်းပါစေ**

လူသားတိုင်းအနေဖြင့် အလုပ်ကို မလုပ်ပဲနေနိုင်သော အခွင့်အရေးတစ်ခုလည်း ရှိသည်။ အချို့အလုပ်များသည် မိမိ၏ ပင်မအလုပ်မဟုတ်ဘဲ အလုပ်ရှင်ကို ငြင်းပယ်ရန် ခက်သဖြင့်လည်းကောင်း၊ အားနာသဖြင့်လည်းကောင်း၊ ကြောက်သဖြင့်လည်းကောင်း ပိုလုပ်နေရသည်များ ရှိတတ်သည်။ လုပ်ငန်းငယ်ပိုင်ရှင်တစ်ဦးအနေဖြင့်လည်း ထိုကဲ့သို့ပင် ငြင်းပယ်ရန်ခက်ခဲသဖြင့် အချိန်ပေးအလုပ်လုပ်ပေးရသည်များ ဖြစ်လာတတ်သည်။ ထို့ပြင် လုပ်ငန်းကိုတိုးချဲ့နိုင်ခြင်း မရှိသေးခြင်း၊ ဝန်ထမ်းဖြည့်တင်းနိုင်ခြင်း မရှိသေးခြင်းကြောင့်လည်း လက်ရှိဝန်ထမ်းများတွင် အလုပ်ချိန်ပို၍ လုပ်ပေးနေရခြင်းမျိုး ဖြစ်ပေါ်တတ်သည်။ အထက်လူကြီးများကလည်း အချိန်ပြည့် အလုပ်ခွင်တွင်ရှိသူကိုသာ အလုပ်လုပ်သည်ဟု ထင်တတ်ကြသည်။ အမှန်ကမူ တီထွင်နိုင်စွမ်းနှင့် ကုန်ထုတ်လုပ်နိုင်စွမ်းကို ပိုမိုသတိပြုရန်လိုအပ်သည်။ လုပ်ငန်းရှင်တစ်ဦးအနေဖြင့် သင့်ရုံလုပ်ပြီး ပိုကောင်းရန်ရည်ရွယ်သင့်သည်။ Less but Better ဟူသကဲ့သို့ ဆောင်ရွက်နိုင်စေရန် နည်းလမ်းရှာဖွေ ဆောင်ရွက်သင့်သည်။ ထို့ကြောင့် ခေတ်သစ် လုပ်ငန်းရှင်တစ်ဦးအနေဖြင့် နည်းပညာများကိုသုံး၍ အရာအားလုံးတွင် ပါဝင်ဆောင်ရွက်နေခြင်းအစား အဓိကအရာများကိုသာ သေချာရွေးချယ်၍ ပိုမိုထိရောက်အောင် လုပ်ဆောင်သင့်ပါသည်။

လူမှုရေးကိစ္စများတွင်သာ အားနာသင့်သည်ကို အားနာသင့်ပြီး အလုပ်တွင်မူ အားနာခြင်းမထားသင့်ဟု ယူဆသည်။ အားနာမှုမထားခြင်းသည် လူသားမဆန်နှင့်ဟု ဆိုလိုခြင်းမဟုတ်ပါ။ မလုပ်နိုင်သည့်ကိစ္စကို ငြင်းပယ်ရန် ဝန်မလေးသင့်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ လူတိုင်းသည် ငြင်းပယ်ရန် အခွင့်အရေး ရှိသည်။ မလုပ်နိုင်သည့်ကိစ္စကို ငြင်းပယ်ထားခြင်းဖြင့်ကတိပျက်ခြင်းမဖြစ်ပါ။ ဥပမာဆိုရသော် Designer စက်ချုပ်ဆိုင်အနေဖြင့် အပ်ထည်များများပြားနေသည့်အချိန်တွင် နောက်တစ်နေ့ ချက်ချင်းလိုချင်သည့် ယနေ့အပ်ထည်များကို မနက်ဖြန်မရနိုင်လျှင် ငြင်းပယ်ရမည်။ မလုပ်နိုင်ကြောင်းနှင့် မည်သည့်ရက်တွင်မှ ရနိုင်ကြောင်းကို သေချာရှင်းပြရမည်။ သို့သော်လည်း မနက်ဖြန်ရမှ ဖြစ်မည်ဆိုသည့်အလုပ်အပ်ခြင်းမျိုးကို ငြင်းပယ်ခြင်းမျိုး ပြုလုပ်သင့်ပါသည်။ အားနာ၍ ဖောက်သည်ဖြစ်နေသဖြင့် မနက်ဖြန်မရနိုင်မှန်းသိလျက်နှင့် လက်ခံပါက ကတိပျက်သွားမည်ဖြစ်သည်။ သို့ဖြစ်၍ ငြင်းသင့်သည်ကို ငြင်းရန်လိုအပ်သည်။

အလုပ်တွင်သာမက ဘဝတွင်လည်း အဓိကကျသော အရာများနှင့် အရေးမပါသော အရာများကို ခွဲခြားပြီးလုပ်ဆောင်နိုင်ရန်အရေးကြီးပါသည်။ ၈၀: ၂၀ နည်းလမ်းကဲ့သို့ အရေးကြီးသော၊ အဓိကကျသော အချက်များကိုသာ ရှာ၍လုပ်ရန် အရေးကြီးသည်။ များသောအားဖြင့် အရေးမကြီးသောအလုပ်များကိုလည်း တစ်ပြိုင်နက်လုပ်ဆောင်နေသဖြင့် အဓိကအလုပ်များ အချိန်မီမပြီးပြတ်ဘဲ အချိန်မလောက်အောင် အလုပ်ရှုပ်နေတတ်သည်။ မြန်မာလူမျိုးတချို့သည် အလုပ်နှင့်ရောထွေးပြီး မိသားစုအရေး၊ ဘာသာရေးနှင့် လူမှုရေးတာဝန်များကို ရောထွေးလုပ်ကိုင်နေတတ်သဖြင့် အဓိကနှင့်သာမညမကွဲဘဲ အချိန်မလောက်ဟု ငြီးငြူလောက်အောင် အလုပ်များပြားနေတတ်သည်။

လုပ်ငန်းစဉ်အလိုက် အရေးပါမှုအလိုက် မလုပ်မီတွင် သေချာအစီအစဉ်ချမှတ် ဆောင်ရွက်ရမည်။ အဆင့်သုံးဆင့်ဖြင့် ရွေးချယ်နိုင်သည်။ အဆိုပါအဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

- ချန်လှပ်ထားသင့်သည်ကို စူးစမ်းရွေးချယ်ခြင်း၊
- လက်တွေ့လုပ်ရာတွင် မပါအောင် ချန်လှပ်သင့်သည်ကို ဖယ်ရှားခြင်း၊
- ထိရောက်စွာလုပ်ဆောင်ခြင်း။

လုပ်ကိုင်ရာတွင် သေချာစွာ အလုပ်ချိန်ဇယားရေးဆွဲဆောင်ရွက်ခြင်း၊ ဆိုရှယ်မီဒီယာနှင့် ဖုန်းကို အလုပ်ချိန်တွင် မလိုအပ်ပါက မသုံးခြင်း၊ နေ့စဉ်လုပ်ဆောင်ရန်အချက်များ To-Do-List ကို နေ့စဉ်အပတ်စဉ် ရေးဆွဲလုပ်ကိုင်ခြင်း၊ နက်ရှိုင်းစွာ အဓိကအလုပ်များကို လုပ်ခြင်းတို့ကို ပြုလုပ်ပေးသင့်သည်။ တစ်နည်းဆိုရလျှင် မိမိပင်မအလုပ်အတွက် မရှိမဖြစ်လုပ်ရမည့်အလုပ်များကိုသာ အာရုံစူးစိုက်အလုပ်လုပ်ခြင်းဖြင့် အလုပ်ချိန်ကိုလျှော့ချပြီး ကုန်ထုတ်စွမ်းအားမြင့်တက်စေမည်ဖြစ်သည်။ အလုပ်စွဲသူများအနေဖြင့် အရာအားလုံးကို ကိုယ်နှင့်ဆိုင်သည်ဟုစိတ်ထားပြီး လုပ်ကိုင်နေမည့်အစား မရှိမဖြစ်လိုအပ်သည်ကိုသာ လုပ်ကိုင်သည့်နည်းလမ်းက "ဘာကိုလုပ်ပြီး" "ဘာကိုမလုပ်ဘဲနေမည်" ဆိုသည်ကိုကွဲပြားပြီး အဓိကကို ဖော်ထုတ်နိုင်သည်။ ဤနည်းလမ်းက ပို၍ထိရောက်နိုင်သည့်အပြင် အလုပ်ကို စနစ်တကျနှင့် စမတ်ကျကျဆောင်ရွက်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်ခင်ဗျား။

**ကိုးကား**

- **Greg McKeown’s Essentialism, Vilfredo Pareto’s Pareto Principle.**

## ၂၀၂၆ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၄၁ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၂၅၄၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၅၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးသည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

(၂၀၆)

## အေးချမ်းသာယာ တို့တောရွာ

- ကောက်ပင်ပျို ယိမ်းကလို့
စိမ်းမြမြ လယ်ကွင်းပြင်၊
တစ်မျှော်တစ်ခေါ် တစ်ကွင်းလုံး
ရှုမဆုံးအောင်ပင်၊
ရွှေသီးသည့် လယ်ယာပြင်
ဘယ်ညာတွင် ဥယျာဉ်တော၊
ဘူးသခွားဖရုံ ကြီးထွားလို့
သီးနှံတွေပေါ။

- စိမ်းလန်းဖြာ မြိုင်ယံကြောမှာဖြင့်
ရှုမောဖွယ် ပန်းရောင်စုံ၊
ပန်းမျိုးစုံ လေပြေသွေးတော့
မွှေးပျံ့သင်းထုံ၊
ရင်းမာအင်ကြင်း ကြာမျိုးစုံ
မြိုင်ရဂုံ ရနံ့ပေါင်း၊
ကနုတ်အသွင် အလှထူးတယ်
ဖူးပွင့်ဝါးရောင်း။

- စေတနာကို သဒ္ဓါပေါင်းလို့
မြတ်ကောင်းမှု ဝါတွင်းအခါ၊
အရုဏ်ချိန် ပိဏ္ဍပါတ်ဆွမ်း
လှူဒါန်းလို့သာ၊
ဥပုသ်နေ့တိုင်း တရားသံသာ
မပြားသံသရာ သီလထိန်း၊
ထုံးဖြူဖြူ စေတီဦးမှာတော့
လေသုတ်ဖြူးကာ ဆည်းလည်းသံချိုက
နားဝကို အေးမြလို့ရယ်
ဘေးရန်တွေငြိမ်း။ ။

**ပန်းမာလာ**

## ပဲခူးမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပဲခူး ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွာသစ်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ခံဝန်ထမ်းများက ရွာသစ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် လမ်းအရှည်ပေ ၇၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုတ**



## ကြာအင်းဆိပ်ကြီးမြို့နယ် ကော့ကမာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၁၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကော့ကမာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုး စီပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော့ကမာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၆၁၀ ကို ထုတ်ချေးပေးခဲ့ကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**

နိုင်ငံတကာ သတင်းများ

# တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ ဆိုမာလီယာနိုင်ငံခရီးစဉ် ရွှေ့ဆိုင်းထား



ပေကျင်း ဇန်နဝါရီ ၁၀

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် အာဖရိကခရီးစဉ် အတွင်း ဆိုမာလီယာနိုင်ငံသို့ သွားရောက်မည့် အစီအစဉ်ကို ရွှေ့ဆိုင်းထားကြောင်း ဇန်နဝါရီ ၉ ရက်သတင်းများတွင် ရေးသား တင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အာဖရိက ခရီးစဉ်အတွင်း ဆိုမာလီယာနိုင်ငံသို့ တရုတ် နိုင်ငံခြားရေးဝန်ကြီး သွားရောက်မည့်အစီအစဉ် ရွှေ့ဆိုင်းထားမှုကို ဆိုမာလီယာ နိုင်ငံခြားရေးဝန်ကြီး ဌာနက အတည်ပြုထားသည်။

အကယ်၍ အဆိုပါအစီအစဉ် မပျက်ခဲ့ပါက တရုတ်နိုင်ငံခြားရေး ဝန်ကြီးတစ်ဦး၏ ၁၉၈၀ ပြည့်နှစ် နောက်ပိုင်း ပထမဆုံး ဆိုမာလီယာ ခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

ဆိုမာလီယာနိုင်ငံသို့ တရုတ် နိုင်ငံခြားရေးဝန်ကြီး လာရောက်မည့်အချိန်နှင့်ပတ်သက်၍ သတင်း အချက်အလက်များ ထပ်မံထုတ်ပြန်ပေးမည် ဖြစ်ကြောင်း ဆိုမာလီယာ နိုင်ငံခြားရေးဝန်ကြီး ဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီအနေဖြင့် မည်သည့် အကြောင်းရင်းကြောင့် ဆိုမာလီယာခရီးစဉ် ရွှေ့ဆိုင်းခဲ့ရသည်ကို ဆိုမာလီယာ နိုင်ငံခြားရေးဝန်ကြီး ဌာနက ထုတ်ဖော်ပြောကြားထားခြင်းမရှိကြောင်း သိရသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် နှစ်သစ်ကူးကာလ အာဖရိကခရီးစဉ်ကို ဇန်နဝါရီ ၇ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တရုတ်နှင့် ရုရှားဦးဆောင်သော လေးနိုင်ငံစစ်ရေးလေ့ကျင့်မှု တောင်အာဖရိကနိုင်ငံ ကိပ်တောင်းကမ်းလွန်၌ စတင်

ဂျိုဟန်နက်စဘတ် ဇန်နဝါရီ ၁၀



တရုတ်၊ ရုရှား၊ အီရန်ရေတပ်တို့မှ စစ်သင်္ဘောများသည် တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့ကမ်းလွန်၌ တောင်အာဖရိက ရေတပ်နှင့်အတူ ပူးပေါင်းစစ်ရေး လေ့ကျင့်မှုများကို ယနေ့တွင် စတင်ခဲ့ကြကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ဘရစ်ပလပ်စ်ဟူ၍ အမည်ပေး ထားသည့် အဆိုပါ လေးနိုင်ငံ ပူးပေါင်းစစ်ရေး လေ့ကျင့်မှုသည် ရက်သတ္တပတ် ကြာမြင့်မည်ဖြစ်ကြောင်း တောင်အာဖရိက ရေတပ်က သတင်းထုတ်ပြန်ထားသည်။

ဘရစ်ပလပ်စ် လေးနိုင်ငံပူးပေါင်း စစ်ရေးလေ့ကျင့်မှုကို ပင်လယ်ရေကြောင်းလမ်းများ လုံခြုံရေး အတွက် အာမခံချက်ပေးနိုင်ရေးကို ရည်ရွယ်၍ ပြုလုပ်နေခြင်းဖြစ်ကြောင်း တောင်အာဖရိက ရေတပ် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမေရိကန် တပ်မတော်က ဗင်နီဇွဲလားနိုင်ငံကို စစ်ရေးအရ တိုက်ခိုက်၍ သမ္မတ မာဒူရိုကို ဖမ်းဆီး ထိန်းသိမ်းခဲ့မှုကြောင့် ပထဝီနိုင်ငံရေး တင်းမာမှုများ မြင့်တက်နေချိန်တွင် တရုတ်၊ ရုရှား၊ အီရန်နိုင်ငံတို့က တောင်အာဖရိက နိုင်ငံနှင့် ပူးပေါင်းရေတပ်စစ်ရေး လေ့ကျင့်မှုများ စတင်နေသည်။

ဘရစ်ပလပ်စ် ပူးတွဲစစ်ရေး လေ့ကျင့်မှုတွင် ဘရာဇီး၊ အီဂျစ်၊ အီသီယိုးပီးယား နိုင်ငံတို့လည်း လေ့လာသူအဖြစ် ပါဝင် တက်ရောက်ခဲ့ကြောင်း တောင် အာဖရိကရေတပ် တာဝန်ရှိသူများ က ပြောကြားထားသည်။

တောင်အာဖရိက နိုင်ငံသည် ယခင်ကလည်း တရုတ်၊ ရုရှား၊ အီရန်နိုင်ငံတို့နှင့်အတူ တောင် အာဖရိကရေပြင်အတွင်း ပူးပေါင်း စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ဖူး ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဂျီ-၇ အုပ်စု ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ ဩစတြေးလျနှင့် အိန္ဒိယတို့ကို အမေရိကန်အစိုးရ ဖိတ်ကြားထား

ဝါရှင်တန် ဇန်နဝါရီ ၁၀

ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပမည့် ဂျီ-၇ အုပ်စု ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၌ ပါဝင်ရန် ဩစတြေးလျ၊ အိန္ဒိယနှင့် အခြားနိုင်ငံအချို့ကိုလည်း ဖိတ်ကြားထားကြောင်း အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန်က ဇန်နဝါရီ ၉ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်ဟု RT သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

ဂျီ-၇ အုပ်စု ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ကျင်းပမည် ဖြစ်သည်။

ဂျီ-၇ အုပ်စု ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးတွင် နည်းပညာ စက်မှုလုပ်ငန်းအတွက် အရေးပါသည့် တွင်းထွက် ဓာတ်သတ္တုများနှင့်စပ်လျဉ်း၍ အဓိကထား ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲ တက်ရောက်ရေးအတွက် ဖိတ်ကြားထားသည့် နိုင်ငံများထဲတွင် အိန္ဒိယ၊ ဩစတြေးလျနိုင်ငံတို့ပါဝင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘက်ဆန်က ပြောကြားခဲ့သော်လည်း ကျန်နိုင်ငံများကို ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

ဂျီ-၇ အုပ်စုကို အမေရိကန်၊ ဗြိတိန်၊ ဂျပန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ကနေဒါ၊ ဥရောပသမဂ္ဂ တို့ဖြင့် ဖွဲ့စည်းထားသည်။

ဂျီ-၇ အုပ်စု နိုင်ငံအများစုသည် နည်းပညာ စက်မှုလုပ်ငန်းများ အတွက် တရုတ်နိုင်ငံ၏ မြေရှား သတ္တုများအပေါ် အားပြုမှီခိုနေကြရသောနိုင်ငံများ ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# အိုလီနာအမည်ရှိ ရေနံတင်သင်္ဘောကို အမေရိကန်တပ်မတော် ထပ်မံဖမ်းဆီး

ဝါရှင်တန် ဇန်နဝါရီ ၁၀

အိုလီနာအမည်ရှိ ရေနံတင်သင်္ဘောတစ်စီးကို အမေရိကန် တပ်မတော်က ဇန်နဝါရီ ၉ ရက်တွင် ကာရေဘီယံ ရေပြင်အတွင်း ထပ်မံဖမ်းဆီးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိုလီနာရေနံတင်သင်္ဘောသည် တီမောလက်စ်တေအလံတင် ရေနံတင်သင်္ဘောတစ်စီးဖြစ်ပြီး အမေရိကန်နိုင်ငံ၏ ဗင်နီဇွဲလား ရေနံလုပ်ငန်း အရေးယူပိတ်ဆို့မှုစာရင်းတွင် ပါဝင်နေကြောင်း သိရသည်။

ယူအက်စ်အက်စ် ဂျရယ်ဖို့ဒ် လေယာဉ်တင်သင်္ဘောက ရဟတ်ယာဉ်များဖြင့် စေလွှတ်ခဲ့သည့် မရိန်းတပ်ဖွဲ့ဝင်များက တက်ရောက်စီးနင်းခဲ့ခြင်း ဖြစ်ကြောင်း အမေရိကန် တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အိုလီနာရေနံတင်သင်္ဘောသည် သမ္မတ ဒေါ်နယ်ထရမ့်၏ ဗင်နီဇွဲလားရေနံလုပ်ငန်း အရေးယူပိတ်ဆို့လုပ်ငန်းစဉ်အရ အမေရိကန် တပ်မတော်က ဖမ်းဆီးထိန်းသိမ်းခဲ့သော ပဥ္စမမြောက် ရေနံတင်သင်္ဘောဖြစ်သည်။

အိုလီနာရေနံတင်သင်္ဘောသည် ယခင်က ပနားမားအလံတင်၍ ဗင်နီဇွဲလားရေနံများကို တရားမဝင် သယ်ယူ ပို့ဆောင်ပေးခဲ့သော ရေနံတင်သင်္ဘော ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားထားသည်။

အိုလီနာ ရေနံတင်သင်္ဘောကို ဗင်နီဇွဲလား ယာယီအစိုးရနှင့် ညှိနှိုင်း၍ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် က လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တောင်ကိုရီးယား မောင်းသူမဲ့ဒရုန်းယာဉ်တစ်စင်း လေပိုင်နက်ချိုးဖောက်ခဲ့ကြောင်း မြောက်ကိုရီးယားသတင်းထုတ်ပြန်

ပြုံယမ်း ဇန်နဝါရီ ၁၀

မြောက်ကိုရီးယား လေပိုင်နက် အတွင်းသို့ ဇန်နဝါရီ ၄ ရက်က တောင်ကိုရီးယား မောင်းသူမဲ့ဒရုန်း ယာဉ်တစ်စင်းဝင်ရောက်ခဲ့ကြောင်း မြောက်ကိုရီးယား အစိုးရမီဒီယာ များက ယနေ့တွင် သတင်း ထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ အင်ချွန်း မြို့ဇရိယာ ကျွန်းပေါ်မှ ပျံတက်လာ သည့် အဆိုပါ မောင်းသူမဲ့ဒရုန်း ယာဉ်သည် မြောက်ကိုရီးယား လေပိုင်နက်ကိုချိုးဖောက်ဝင်ရောက် လာမှုကြောင့် ပစ်ချခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ သတင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထို့ပြင် အဆိုပါ မောင်းသူမဲ့ဒရုန်း ယာဉ်တွင် မြောက်ကိုရီးယားနိုင်ငံ အတွင်းရှိ အဓိကနေရာများကို မှတ်တမ်းရယူရန် ထောက်လှမ်းရေး စနစ်များ တပ်ဆင်ထားကြောင်း မြောက်ကိုရီးယား တပ်မတော် ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော် ပြောကြားထားသည်။

အစိုးရ အပြောင်းအလဲများရှိခဲ့ သည့်တိုင် တောင်ကိုရီးယားနိုင်ငံ သည် မြောက်ကိုရီးယားနိုင်ငံကို ဆက်လက် ရန်လိုနေဆဲဖြစ် ကြောင်း မောင်းသူမဲ့ဒရုန်းယာဉ် ကိစ္စနှင့်ပတ်သက်၍ မြောက်ကို ရီးယားတပ်မတော်က ပြောကြား ထားသည်။



သို့ရာတွင် မြောက်ကိုရီးယား၏ မောင်းသူမဲ့လေယာဉ်နှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်မှုကို တောင် ကိုရီးယားတပ်မတော်က ငြင်းဆို ထားပြီး ဇန်နဝါရီ ၄ ရက်က မည်သည့် မောင်းသူမဲ့ဒရုန်းယာဉ် ပျံသန်းမှုများ မပြုလုပ်ခဲ့ကြောင်း ပြောကြားထားသည်။

သို့ရာတွင် ပြီးခဲ့သည့်နှစ် စက်တင် ဘာလကလည်း မြောက်ကိုရီးယား လေပိုင်နက်ကို တောင်ကိုရီးယား မောင်းသူမဲ့ ဒရုန်းယာဉ်တစ်စင်းက ချိုးဖောက် ဝင်ရောက်ခဲ့သည်ဟု မြောက်ကိုရီးယား တပ်မတော်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်မှ အချက်အလက်များအရ အင်္ဂါဂြိုဟ်ပေါ်တွင် နှစ်ပေါင်းသန်း ၇၅၀ လောက်ထိ ရေခဲတော်လှုပ်ရှားမှုများရှိနေခဲ့



**ပေကျင်း ဇန်နဝါရီ ၁၀**

တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်မှရရှိသော သတင်းအချက်အလက်များအရ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်း သန်း ၇၅၀ လောက်ထိ သိသာထင်ရှားသော ရေခဲတော်လှုပ်ရှားမှုများရှိနေခဲ့သေးကြောင်း ဇန်နဝါရီ ၉ ရက် သတင်းများအရ သိရသည်။

ကျူရောင်း၏ လေ့လာတွေ့ရှိချက်အရ အင်္ဂါဂြိုဟ်ပေါ်၌ ရေခဲတော် တည်ရှိနိုင်ခဲ့သည့်ကာလမှာ ယခင်တွေးထင်ထားသည်ထက် နှစ်သန်းပေါင်းများစွာ ပို၍ရှည်ကြာခဲ့သည်ကို တွေ့ရကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

ကျူရောင်းအာကာသယာဉ် ဆင်းသက်ခဲ့သော ယူတိုပီးယားပလန်နီးရှားနယ်မြေ၏ မြေအောက်၌ သက်တမ်းအားဖြင့် နှစ်သန်း ၇၅၀ ထိရှိပြီး ထုအားဖြင့် လေးမီတာထိရှိသည့် အနယ်ကျမြေလွှာတစ်ခု တည်ရှိနေကြောင်း သိရသည်။

အဆိုပါအနယ်ကျမြေလွှာတစ်ခုလုံး၏ထုမှာ တစ်သတ်မတ်တည်းရှိနေသည်ဖြစ်ရာ မီးတောင်ပေါက်ကွဲမှုကြောင့် ပေါ်ထွက်လာသည့် အနယ်ကျမြေလွှာမျိုး မဟုတ်ဘဲ ရေခဲတော်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာသည့် အနယ်ကျမြေလွှာမျိုးဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်ပေါ်၌ ရေခဲတော်သည် လွန်ခဲ့သောနှစ်ပေါင်း သုံးဘီလီယံလောက်ကပင် ပျောက်ကွယ်သွားသည်ဟု ယခင်က ယူဆခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## စပေ့စ်အိတ်ကုမ္ပဏီက Starship ဒုံးပျံယာဉ်ကို ၁၂ ကြိမ်မြောက် စမ်းသပ်ပစ်လွှတ်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေ

**ဝါရှင်တန် ဇန်နဝါရီ ၁၀**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် Starship ဒုံးပျံယာဉ်ကို ၁၂ ကြိမ်မြောက် စမ်းသပ် ပစ်လွှတ်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ဇန်နဝါရီ ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Starship ဒုံးပျံယာဉ် ၁၂ ကြိမ်မြောက် စမ်းသပ်လွှတ်တင်မှုအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စပေ့စ်အိတ်ကုမ္ပဏီသည် စတားဘေ့စ် အာကာသစခန်းပစ်စင်၌ နေရာချထားပြီးဖြစ်ကြောင်း၊ အဆိုပါ Starship အာကာသဒုံးပျံယာဉ် လွှတ်တင်မည့်နေ့ကို ကြေညာခြင်း မရှိသေးကြောင်း သိရသည်။



သို့ရာတွင် ၁၂ ကြိမ်မြောက် Starship အာကာသဒုံးပျံယာဉ် စမ်းသပ်လွှတ်တင်မှုကို ယခုနှစ် မတ်လအတွင်း ပြုလုပ်နိုင်မည်ဖြစ်သည်ဟု စပေ့စ်အိတ်ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

၁၂ ကြိမ်မြောက် Starship ဒုံးပျံယာဉ် စမ်းသပ်လွှတ်တင်မှုတွင် ပုံစံ-၃ အမျိုးအစား Starship ဒုံးပျံယာဉ်သစ်ကို အသုံးပြုရန် စပေ့စ်အိတ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ပြီးခဲ့သည့်နှစ်အတွင်း Starship ဒုံးပျံယာဉ်စမ်းသပ်ပစ်လွှတ်မှု ငါးကြိမ်လုပ်ဆောင်ခဲ့ရာ နောက်ဆုံးအကြိမ်မှာ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အမေရိကန် အာကာသယာဉ်မှူးနှစ်ဦး နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာမည့်အစီအစဉ်ကို နာဆာ ဆိုင်းငံ့ထား

**ဝါရှင်တန် ဇန်နဝါရီ ၁၀**

အမေရိကန် အာကာသယာဉ်မှူးနှစ်ဦး နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာမည့်အစီအစဉ်ကို အာကာသယာဉ်မှူးတစ်ဦး၏ ကျန်းမာရေးအခြေအနေကြောင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) က ဆိုင်းငံ့ထားကြောင်း ဇန်နဝါရီ ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နာဆာ အာကာသယာဉ်မှူး မိုက်မင့်ကီနှင့် ဇီနာကာ့မင်းတို့သည် မူလက ဇန်နဝါရီ ၈ ရက်တွင် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ထွက်ခွာရန် စီစဉ်ထားသည်။

သို့ရာတွင် နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်ရှိ အာကာသယာဉ်မှူးတစ်ဦး၏ ကျန်းမာရေးအခြေအနေကြောင့် အထက်ပါအစီအစဉ်ကို ဆိုင်းငံ့ထားသည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နာဆာ အာကာသယာဉ်မှူး နှစ်ဦး နိုင်ငံတကာ အာကာသယာဉ် ပြင်ပ ထွက်ခွာမှုပြုလုပ်ရမည့် နေ့ရက်သစ်ကို နာဆာက ကြေညာခြင်းမရှိသေးပေ။

နာဆာ အာကာသယာဉ်မှူး မိုက်မင့်ကီအတွက် အထက်ပါ မစ်ရှင်သည် နိုင်ငံတကာအာကာသစခန်းပြင်ပ ၁၀ ကြိမ်မြောက် ထွက်ခွာမှုဖြစ်လာလိမ့်မည်ဖြစ်ပြီး ဇီနာကာ့မင်းအတွက် ပထမဆုံးအကြိမ် ထွက်ခွာမှုဖြစ်လာလိမ့်မည်ဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာချိန်တွင် အဆိုပါ အာကာသယာဉ်မှူး နှစ်ဦးသည် နိုင်ငံတကာ အာကာသစခန်း စွမ်းအင်စနစ်အတွက် လိုအပ်သည့် ပစ္စည်းများကို တပ်ဆင်ခြင်းအပါအဝင် လုပ်ငန်းတာဝန်အမျိုးမျိုးကို ခြောက်နာရီနှင့် မိနစ် ၃၀ ကြာ ဆောင်ရွက်မည်ဖြစ်သည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ဒူးအဆစ်အမျက်ရောင်ရောဂါ နာကျင်ကိုက်ခဲမှုကို လမ်းနောက်ပြန်လျှောက်ခြင်းဖြင့် လျှော့ချနိုင်

**ပေကျင်း ဇန်နဝါရီ ၁၀**

ဒူးအဆစ်အမျက်ရောင်ရောဂါ နာကျင်ကိုက်ခဲမှုများကို နေ့စဉ် မိနစ်အနည်းငယ်ကြာ လမ်းနောက်ပြန် လျှောက်ပေးခြင်းဖြင့် လျှော့ချပေးနိုင်ကြောင်း ဇန်နဝါရီ ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်(တိုင်ပေ) ချန်ဂန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လမ်းနောက်ပြန်လျှောက်မှု လေ့ကျင့်ခန်းကို ထိုင်လျက်အနေအထားမှ လက်အကူအညီမပါဘဲ မတ်တတ်ထခြင်းကဲ့သို့ လေ့ကျင့်ခန်းများ ပေါင်းစပ်ပြုလုပ်ပေးပါက ဒူးအဆစ်အမျက်ရောင်ရောဂါ လူနာများ၏ လှုပ်ရှားသွားလာနိုင်စွမ်း ကောင်းမွန်လာကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လမ်းနောက်ပြန်လျှောက်မှု လေ့ကျင့်ခန်းကို အခြားလေ့ကျင့်ခန်းများနှင့် တွဲဖက်လုပ်ဆောင်သူများ၌ ဒူးအဆစ်အမျက်ရောင်ရောဂါ နာကျင်ကိုက်ခဲမှုများကို လျှော့ချပေးနိုင်သည့်အပြင် ဒူးကွေးနိုင်၊ ဆန့်နိုင်စွမ်းလည်း ပိုကောင်းလာသည်ကို တွေ့ရသည်။

လမ်းနောက်ပြန်လျှောက်မှုသည် Quadricep Muscle ခေါ် ပေါင်ရှေ့ပိုင်း ကြွက်သားတစ်မျိုးပိုမို အားကောင်းလာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Quadricep Muscle ကြွက်သားများသည် လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ခုန်ခြင်းအပါအဝင် လှုပ်ရှားမှုအမျိုးမျိုးကို ထိန်းချုပ်ပေးသည့် ကြွက်သားများဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အေအိုင်နည်းပညာဖြင့် လျှာအနေအထားကို စမ်းသပ်စစ်ဆေးခြင်းက ဆီးချိုရောဂါနှင့် အစာအိမ်ကင်ဆာတို့ကို ဖော်ထုတ်ပေးနိုင်

**နယူးယောက် ဇန်နဝါရီ ၁၀**

လျှာ၏အရည်အသွေး၊ လျှာမျက်နှာပြင်အနေအထားနှင့် ပုံသဏ္ဌာန်တို့ကို လူ့ဉာဏ်ရည်တု နည်းပညာအေအိုင်ဖြင့် စမ်းသပ်စစ်ဆေးခြင်းက ဆီးချိုရောဂါနှင့် အစာအိမ်ကင်ဆာတို့ကို ဖော်ထုတ်ပေးနိုင်ကြောင်း ဇန်နဝါရီ ၉ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မစ်ဆူရီတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အေအိုင်နည်းပညာဖြင့် လျှာကို လေ့လာစူးစမ်းမှုပေါင်း ၂၀ ကျော်တို့မှရရှိသော သတင်းအချက်အလက်များကို အသေးစိတ် ပြန်လည်ဆန်းစစ်ခဲ့ကြသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အေအိုင်နည်းပညာဖြင့် လျှာ၏အခြေအနေကို လေ့လာခြင်းဖြင့် ဆီးချိုရောဂါနှင့် အစာအိမ်ကင်ဆာတို့၏ အစောပိုင်းလက္ခဏာများကို တိကျစွာ ဖော်ထုတ်ပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အေအိုင်နည်းပညာဖြင့် လျှာ၏အခြေအနေကို စမ်းသပ်စစ်ဆေးခြင်းဖြင့် သွေးအားနည်းရောဂါကိုလည်း ရှာဖွေဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လျှာ၏အခြေအနေသည် လူ့ကျန်းမာရေးအခြေအနေကို ပြသနိုင်သည့် ကြေးမုံချပ်နှင့် အလားတူကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# လိဒ်ယူနိုက်တက်အသင်းက အိမ်ကွင်းတိုးချဲ့မည့်စီမံကိန်းကို မကြာမီလုပ်ဆောင်မည်ဟု ကြေညာ

လန်ဒန် ဇန်နဝါရီ ၁၀

လိဒ်ယူနိုက်တက် အသင်းက အိမ်ကွင်း Elland Road အားကစားကွင်း တိုးချဲ့ဆောက်လုပ်မည့် စီမံကိန်းကို ခွင့်ပြုချက်ရရှိခဲ့သည့်အတွက် မကြာမီ အိမ်ကွင်းတိုးချဲ့မည့်စီမံကိန်း စတင်လုပ်ဆောင်မည်ဟု ကြေညာခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လိဒ်ယူနိုက်တက်အသင်းသည် အသင်းအိမ်ကွင်းကို ပရိသတ်ဦးရေ ၁၅၀၀၀ ပိုမိုဝင်ဆံ့နိုင်သည့် အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ရန် လိဒ်မြို့တော်ကောင်စီ ထံလျှောက်ထားခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့သည့်အတွက် ယခုနှစ်အတွင်း အသင်းအိမ်ကွင်း တိုးချဲ့မည့် စီမံကိန်းကို စတင်လုပ်ဆောင်မည်ဟု ကြေညာခဲ့ခြင်းဖြစ်သည်။



လိဒ်ယူနိုက်တက်အသင်းသည် အသင်းအိမ်ကွင်း Elland Road အားကစားကွင်းကို ၁၈၉၇ ခုနှစ်က စတင်အသုံးပြုခဲ့ပြီး လက်ရှိတွင် ပရိသတ် ၃၇၆၄၅ ဦး ဝင်ဆံ့ရာမှ နောက်ထပ်ပရိသတ်ဦးရေ ၁၅၀၀၀ ထပ်မံဝင်ဆံ့ရန်အတွက် အသင်းအိမ်ကွင်း ပွဲကြည့်စင်များကို တိုးချဲ့ပြီး အဆင့်မြှင့်တင်မှုများ လုပ်ဆောင်မည်ဖြစ်သည်။

လိဒ်ယူနိုက်တက်အသင်းသည် ပရိသတ်ဦးရေ ၁၅၀၀၀ ပိုမိုဝင်ဆံ့စေရန် အသင်းအိမ်ကွင်းပွဲကြည့်စင်များကို အသုံးစရိတ် စတာလင်ပေါင် ၅ ဒသမ ၅ သန်း အကုန်ကျခံကာ တိုးချဲ့မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**

# အာဖရိကဖလားပြိုင်ပွဲတွင် ငါးပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် ဒီယက် မှတ်တမ်းဝင်

ရာဘတ် ဇန်နဝါရီ ၁၀

အာဖရိကဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ငါးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် မော်ရိုကိုအသင်းမှ ဒီယက်က မှတ်တမ်းဝင်ခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီယက်သည် အာဖရိကဖလားပြိုင်ပွဲတွင် မော်ရိုကိုအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနေပြီး အုပ်စုပွဲစဉ်များအဖြစ် ကစားခဲ့သည့် ကိုမိုရိုစ်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး၊ မာလီအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး၊ ဇမ်ဘီယာအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးစီ သွင်းယူခဲ့ပြီး ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် တန်ဇန်းနီးယားအသင်းနှင့်ပွဲစဉ်တွင်လည်း သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့သည်။

အလားတူ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ကင်မရွန်းအသင်းနှင့်ပွဲစဉ်တွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားခဲ့ကာ ပွဲချိန် ၂၆ မိနစ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီး အာဖရိကဖလား ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ငါးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဒီယက်သည် အာဖရိကဖလားပြိုင်ပွဲတွင် သွင်းဂိုး ငါးဂိုးထိရှိလာခဲ့သည့်အတွက် သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်ကာ သွင်းဂိုးအများဆုံး ကစားသမားဆု ရရှိရန်လည်း နီးစပ်လျက်ရှိနေသည်။

အလားတူ မော်ရိုကိုအသင်းသည်လည်း ကင်မရွန်းအသင်းကို အနိုင်ရပြီးနောက် ဆီမီးဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**



# IBF အမျိုးသမီးလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် တာဟန်က ဂျန့်ဇန်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်

နယူးကာဆယ် ဇန်နဝါရီ ၁၀

IBF အမျိုးသမီး လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် တူကီယဲလက်ဝှေ့မယ် တာဟန်သည် ချန်ပီယံကို စိန်ခေါ်ခွင့်ရရှိထားသူဩစတြေးလျလက်ဝှေ့မယ် ဂျန့်ဇန်နှင့် ဇန်နဝါရီ ၃၁ ရက်တွင် အင်္ဂလန်နိုင်ငံ နယူးကာဆယ်မြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တာဟန်သည် ဘရာဇီးလက်ဝှေ့မယ် ဖာရဲရာနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ထိုးသတ်ခဲ့ပြီး ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရကာ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သည်။

Matchroom ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုထားသည့် တာဟန်သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့မယ်လောကတွင် စိန်ခေါ်ပွဲ ၁၂ ပွဲ၌ ရှုံးပွဲမရှိစံချိန်ဖြင့် အနိုင်ရထားသူဖြစ်သည်။

ရှုံးပွဲမရှိ ကမ္ဘာ့ချန်ပီယံဖြစ်သူ တာဟန်အနေဖြင့် လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်ရန် ရေပန်းစားနေသည့်လက်ဝှေ့မယ်တစ်ဦးဖြစ်သည်။

Matchroom ကုမ္ပဏီ ဥက္ကဋ္ဌဖြစ်သူ အက်ဒီဟန်းက "တာဟန်ဟာ အမျိုးသမီးလက်ဝှေ့လောကမှာ လက်သီးထိုးချက် အပြင်းဆုံး လက်ဝှေ့မယ်တစ်ဦး ဖြစ်ပါတယ်။ တာဟန်ဟာ လက်ရှိ အမျိုးသမီးလက်ဝှေ့လောကမှာလဲ အကောင်းဆုံးတွေထဲက တစ်ယောက်ပါ။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့လဲ တာဟန်ကို စာချုပ်သစ်ချုပ်ဆိုသွားဖို့ ပြင်ဆင်နေပါတယ်။ သူ့အတွက် ခမ်းနားတဲ့ညတွေ ဆက်တိုက်စီစဉ်ပေးသွားမှာဖြစ်ပါတယ်။ နောက်ထပ် ကမ္ဘာ့ချန်ပီယံတွေနဲ့လဲ ပွဲစီစဉ်ပေးသွားမှာပါ။ ဒီပွဲပြီးသွားရင်တော့ တာဟန်အတွက် WBC ကမ္ဘာ့ချန်ပီယံ ကာရီလိုင်းနဲ့ ပွဲစီစဉ်ပေးသွားဖို့ လျာထားပါတယ်။ အခု ဒီပွဲစဉ်မှာလဲ တာဟန်အနိုင်ရမယ်လို့ ယုံကြည်တယ်။ သူ့ရဲ့အိပ်မက်က လိုက်ဝိတ်တန်းရဲ့ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံတစ်ယောက် ဖြစ်လာဖို့ပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Espn**

**Trs : AZL**

# အာဆင်နယ်အသင်းက ဆာကာနှင့် စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိ

လန်ဒန် ဇန်နဝါရီ ၁၀

အာဆင်နယ်အသင်းက အဓိက ကစားသမားတစ်ဦး ဖြစ်သည့် ဆာကာကို သက်တမ်းတိုးစာချုပ် သစ်ချုပ်ဆိုရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာကာသည် အာဆင်နယ်အသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၈ ခုနှစ်က အသင်းကြီးနှင့် စတင်ပူးပေါင်းခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသခဲ့ကာ ဥရောပထိပ်တန်းတောင်ပံတိုက်စစ် ကစားသမားများအနက် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

ဆာကာနှင့် အာဆင်နယ်အသင်းတို့စာချုပ်သက်တမ်းမှာ၂၀၂၇ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ၎င်းကို ဥရောပ ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန်ပစ်မှတ်ထားနေသဖြင့် အာဆင်နယ်အသင်းက အဓိက ကစားသမားကို လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုး စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးခဲ့ရာ ၂၀၃၂ ခုနှစ်ထိ ကာလရှည် သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် ဆာကာမတိုင်မီက အဓိက ကစားသမားများဖြစ်သည့် ဂါဘရီရယ်၊ အန်ဝါနရီ၊ စကယ်လီတို့ကိုလည်း သက်တမ်းတိုး စာချုပ်များ အသီးသီးချုပ်ဆိုခဲ့သည်။

ဆာကာသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အာဆင်နယ်အသင်း၌ အဓိက ကစားသမား တစ်ဦးအဖြစ်ပါဝင်နေပြီး ပြိုင်ပွဲစုံ ၂၇ ပွဲတွင် သွင်းဂိုး ခုနစ်ဂိုး သွင်းယူထားပြီး ဂိုးဖန်တီးမှု လေးကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**

# ဘင်ဖီကာအသင်းက အသင်းနည်းပြအပြောင်းအလဲလုပ်ဆောင်ရန်ကြိုးပမ်းနေပြီး နည်းပြသစ်အဖြစ် အာမိုရင်ကိုခန့်အပ်ရန် ဆွေးနွေးနေ

လစ္စဘွန်း ဇန်နဝါရီ ၁၀

ပေါ်တူဂီလိဂ် ထိပ်တန်းကလပ် ဘင်ဖီကာအသင်းက အသင်းနည်းပြ အပြောင်းအလဲလုပ်ဆောင်ရန်ကြိုးပမ်းနေပြီး နည်းပြသစ်အဖြစ် အာမိုရင်ကို ခန့်အပ်ရန် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘင်ဖီကာအသင်းသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလက နည်းပြမော်ရင်ဟိုကိုခန့်အပ်ခဲ့ပြီး ယခုနှစ် ဘောလုံးရာသီ ၎င်း၏လက်အောက်တွင် ရလဒ်များမတည်မငြိမ်ဖြစ်နေသည့်အတွက် အသင်းတာဝန်ရှိသူများက နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန် စီစဉ်နေခြင်းဖြစ်သည်။



ဘင်ဖီကာအသင်းသည် ယခုနှစ် ဘောလုံးရာသီ နည်းပြမော်ရင်ဟို လက်အောက်တွင် ပေါ်တူဂီလိဂ် အမှတ်ပေး ပြိုင်ပွဲ ၁၇ ပွဲတွင် ၁၁ ပွဲ အနိုင်ရခဲ့ပြီး ခြောက်ပွဲသရေရလဒ် နှင့် ရှုံးပွဲမရှိသေးသော်လည်း အမှတ်ပေးဇယား အဆင့်(၂)နေရာမှ စပို့တင်းလစ္စဘွန်းအသင်းနှင့် သုံးမှတ်အကွာ၊ အဆင့်(၁)နေရာမှ ပေါ်တိုအသင်းနှင့် ၁၀ မှတ် ထိကွာဟနေသည့်အတွက် ဘင်ဖီကာအသင်းက နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

နည်းပြအာမိုရင်သည် စပို့တင်း လစ္စဘွန်းအသင်းကို တာဝန်ယူကိုင်တွယ်စဉ်က အောင်မြင်မှုများ ရရှိခဲ့သော်လည်း မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့ရာ ရလဒ်ကောင်းများ ရရှိအောင် ဖန်တီးဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရသူဖြစ်သည်။

နည်းပြအာမိုရင်သည် ပေါ်တူဂီလိဂ်ပြိုင်ပွဲတွင် စပို့တင်းလစ္စဘွန်းအသင်းနှင့် အတွေ့အကြုံကောင်းများ ရှိသည့်အတွက် ဘင်ဖီကာအသင်းက နည်းပြသစ်ခန့်အပ်ရန် ဆွေးနွေးနေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# မက်ကလက်ဖီးအသင်းကိုရှုံးနိမ့်ခဲ့ပြီး လက်ရှိချန်ပီယံ ပဲလေ့စ်အသင်း အက်ဖ်အေဖလားပြိုင်ပွဲ တတိယအဆင့်မှထွက်ခွာခဲ့ရ



လန်ဒန် ဇန်နဝါရီ ၁၀

အက်ဖ်အေဖလား ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ပဲလေ့စ်အသင်းနှင့် အင်္ဂလန်နေရှင်နယ်ကလပ်အသင်းတစ်သင်းဖြစ်သည့် မက်ကလက်ဖီးအသင်းတို့ကစားခဲ့ရာ ပဲလေ့စ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး တတိယအဆင့်မှပင် ထွက်ခွာခဲ့ရကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပဲလေ့စ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အက်ဖ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် မန်စီးတီးအသင်းကို အနိုင်ရခဲ့ပြီး အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် အဓိကဆုဖလားကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပဲလေ့စ်အသင်းသည် လက်ရှိချန်ပီယံအသင်း ဖြစ်သည့်အတွက် အက်ဖ်အေဖလား ပြိုင်ပွဲတွင် တတိယအဆင့်မှ စတင်ကစားခဲ့ခြင်းဖြစ်ပြီး အသင်းငယ်တစ်သင်းဖြစ်သည့် မက်ကလက်ဖီးကို ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲမှ စောစီးစွာ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပဲလေ့စ်အသင်းသည် ပွဲစကတည်းက ဖိအားပေး ကစားခဲ့သော်လည်း မက်ကလက်ဖီးအသင်း၏ ခံစစ်ပိုင်းအားပြုပြီး အကောင်းဆုံးပြန်လည်တုံ့ပြန်ခဲ့မှုကြောင့် ပွဲချိန် ၄၃ မိနစ်တွင် ဒေါ်ဆင်နှင့် ပွဲချိန် မိနစ် ၆၀ တွင် ရစ်ကက်တို့က မက်ကလက်ဖီးအသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့ကြပြီး ပဲလေ့စ်အသင်းအတွက် ချေပဂိုးကို ပွဲချိန်မိနစ် ၉၀ မှသာ ပီနိုကသွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မက်ကလက်ဖီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ပဲလေ့စ်အသင်းက တတိယအဆင့်မှပင် ထွက်ခွာခဲ့ရကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# စပါးအသင်းတိုက်စစ်ကစားသမားကူဒက် ဒဏ်ရာကြောင့် ဧပြီလကုန်ပိုင်းထိ ကာလရှည်အနားယူရမည်

လန်ဒန် ဇန်နဝါရီ ၁၀

စပါးအသင်း၏ အဓိက တိုက်စစ်ကစားသမား ကူဒက် အနေဖြင့် ဆန်းဒါးလန်းအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့် ပေါင်ကြွက်သား ဒဏ်ရာကြောင့် လာမည့် ဧပြီလကုန်ပိုင်းထိ ကာလရှည်အနားယူရမည် ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းနှင့် ဆန်းဒါးလန်းအသင်းတို့ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ကူဒက်သည် ပွဲချိန် ၁၉ မိနစ်တွင် ပေါင်ကြွက်သားဒဏ်ရာ ရရှိခဲ့ပြီးနောက် ဆက်လက် ကစားနိုင်ခြင်းမရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရသည်။

ကူဒက်၏ ဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ် စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ဒဏ်ရာမှာ ပြင်းထန်သည့်အတွက် ကြံ့ခိုင်မှု ပြန်လည်ပြည့်ဝရန် လာမည့် ဧပြီလကုန်ပိုင်းထိ ကာလရှည်အနားယူရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းမှ အဓိက ကစားသမား အများအစု ဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့်အတွက် ရလဒ်များလည်း မတည်မငြိမ်ဖြစ်နေပြီး ကူဒက် မတိုင်မီ အဓိက ကစားသမားများ ဖြစ်ကြသည့် ဆိုလန်ကီ၊ ကူလူဆက်စကီး၊ မက်ဒီဆင်တို့သည်လည်းဒဏ်ရာကြောင့် အသီးသီး အနားယူနေရချိန်တွင် ယခုအခါ ကူဒက် အပါအဝင်ဒဏ်ရာကြောင့် ကာလရှည် ထပ်မံအနားယူရမည် ဖြစ်သည်။

ကူဒက်သည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဝက်စ်ဟမ်းအသင်းမှစပါးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ဝက်စ်ဟမ်းအသင်းတွင် ကစားခဲ့စဉ်က ခြေစွမ်းပြသခဲ့သော်လည်း စပါးအသင်းတွင် ခြေစွမ်းပြသနိုင်ခြင်းမရှိသေးဘဲ ရုန်းကန်နေရကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# အဲဗာတန်အသင်းခံစစ်ကစားသမား မိုက်ကယ်ကိန်း၏ အနီကတ်ပြစ်ဒဏ်အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ထံ အယူခံဝင်ခဲ့သော်လည်း ပယ်ချခံရ

လန်ဒန် ဇန်နဝါရီ ၁၀

အဲဗာတန်အသင်းက ခံစစ်ကစားသမား မိုက်ကယ်ကိန်း၏ အနီကတ်ပြစ်ဒဏ်အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ထံ အယူခံဝင်ခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ် ပွဲစဉ်အဖြစ် ကစားခဲ့သည့် အဲဗာတန်အသင်းနှင့် ဝုဒ်အသင်းတို့ပွဲစဉ်တွင် အဲဗာတန်အသင်းက မိုက်ကယ်ကိန်းသည် ဝုဒ်အသင်းမှ အရိုကိုဒဲ၏ ဆံပင်ကို နောက်မှဆွဲခဲ့ဖြင့် ကွင်းလယ်ဒိုင်လူကြီးက ပွဲချိန် ၈၃ မိနစ်တွင် VAR စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် မိုက်ကယ်ကိန်းကို တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

မိုက်ကယ်ကိန်းသည် အဆိုပါ တိုက်ရိုက် အနီကတ်ပြစ်ဒဏ်ကြောင့် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်သဖြင့် အဲဗာတန်အသင်းက ခံစစ်ကစားသမားတစ်ဦးကို သုံးပွဲထိ လက်မလွှတ်လိုသည့်အတွက် အယူခံဝင်ခဲ့သော်လည်း အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်က ပယ်ချခဲ့ခြင်းဖြစ်သည်။

မိုက်ကယ်ကိန်းသည် အဆိုပါ အနီကတ်ပြစ်ဒဏ်ကြောင့် အက်ဖ်အေဖလားပွဲစဉ်အဖြစ် ကစားခဲ့သည့် ဆန်းဒါးလန်းအသင်းနှင့် ပွဲစဉ်ကို လွဲချော်ခဲ့သည့်အပြင် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ်ကစားမည့် အေဗီလာအသင်း၊ လိဒ်ယူနိုက်တက်အသင်းတို့နှင့် ကစားမည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sky Sports

Trs : STA

# Brisbane International တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဆာဘာလင်ကာ တက်ရောက်

ဘရစ္စဘိန်း ဇန်နဝါရီ ၁၀

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင် ကျင်းပနေသည့် Brisbane International တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) ဘယ်လာရုစ် တင်းနစ်မယ် ဆာဘာလင်ကာသည် ချက်တင်းနစ်မယ် မူချိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၆-၃၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Ubi Tennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဆာဘာလင်ကာသည် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်တစ်ဦးဖြစ်သည့်နှင့်အညီ စွမ်းဆောင်ရည်ကောင်းများပြသခဲ့ပြီး ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

မူချိုဗာသည်လည်း စွမ်းဆောင်ရည်ကောင်းများပြသကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သူဖြစ်သော်လည်း ဆီမီးဖိုင်နယ်အဆင့်တွင် ပုံစံကောင်းများ ပြသနိုင်ခဲ့ခြင်းမရှိဘဲ ဆာဘာလင်ကာ၏ ဖိအားပေးမှုများဖြင့် ရင်ဆိုင်ခဲ့ရသည်။

ဆာဘာလင်ကာက “ဗိုလ်လုအဆင့်ကို တက်ရောက်နိုင်ခဲ့လို့ အရမ်းပျော်ပါတယ်။ ပြိုင်ပွဲမှာတော့ အနိုင်ရတိုင်းကို ပျော်ရွှင်ရပါတယ်။ မူချိုဗာဟာ ကစားသမားကောင်းတစ်ယောက် ဖြစ်သလိုပြိုင်ဘက်ကောင်းတစ်ယောက်လဲ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြိုင်ဘက်ကောင်း တစ်ယောက်နဲ့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားရတာကိုလဲ သဘောကျပါတယ်။ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမတိုင်မီ အခုလို ရလဒ်ကောင်းတွေရခဲ့တာဟာ ဩစတြေးလျ အိုးပင်းတင်းနစ် ပြိုင်ပွဲအတွက် အများကြီး အဓိပ္ပာယ်ရှိပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဆာဘာလင်ကာသည် ဖိုင်နယ်အဆင့်တွင် ယူကရိန်းတင်းနစ်မယ်ကော့ယူနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Ubi Tennis

Trs : AZL

# PGA Tour အဖွဲ့ချုပ်နှင့် ပြန်လည်ပူးပေါင်းရန် ကိုပ်ကာ တရားဝင် လျှောက်ထားမှုပြုလုပ်

ဖလော်ရီဒါ ဇန်နဝါရီ ၁၀

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကိုပ်ကာသည် LIV Golf အဖွဲ့ချုပ်နှင့် လမ်းခွဲပြီးနောက် PGA Tour အဖွဲ့ချုပ်နှင့် ပြန်လည်ပူးပေါင်းရန် အဖွဲ့ချုပ်ထံသို့ တရားဝင်လျှောက်ထားမှုပြုလုပ်ခဲ့ကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အကောင်းဆုံး ဂေါက်သီးရိုက် ကစားသမားစာရင်းဝင် ကိုပ်ကာသည် ၂၀၂၂ ခုနှစ်တွင် PGA Tour အဖွဲ့ချုပ်မှ နုတ်ထွက်ခဲ့ပြီး LIV Golf အဖွဲ့ချုပ်နှင့် ပူးပေါင်းခဲ့သည်။

အသက် ၃၅ နှစ်ရှိ ကိုပ်ကာသည် PGA Tour အဖွဲ့ချုပ်နှင့် လမ်းမခွဲမီ အဓိကဆုဖလားကိုးလုံးထိ ဆွတ်ခူးခဲ့ပြီး LIV Golf အဖွဲ့ချုပ်နှင့်ပူးပေါင်းခဲ့ပြီးနောက် ဆုဖလား ငါးလုံးသာ ဆွတ်ခူးခဲ့သည်။

LIV Golf အဖွဲ့ချုပ်တွင် မြင့်မားသောစာချုပ်ကြေး ရရှိခဲ့သူဖြစ်သကဲ့သို့ ဝင်ငွေအကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားစာရင်းတွင်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။

ကိုပ်ကာသည် US Open champion ဆုဖလားကို နှစ်ကြိမ် ရရှိခဲ့ပြီး PGA Championship ဆုဖလားသုံးကြိမ်ထိ ရရှိခဲ့သူဖြစ်သည်။

ကိုပ်ကာသည် ပြီးခဲ့သည့် ဒီဇင်ဘာလတွင် LIV Golf အဖွဲ့ချုပ်မှ ထွက်ခွာကြောင်း ထုတ်ပြန်ခဲ့ပြီးနောက် PGA Tour အဖွဲ့ချုပ်ဖြင့် ပူးပေါင်းဖွယ်ရှိနေကြောင်း သတင်းများထွက်ပေါ်ခဲ့ရာ ကိုပ်ကာက တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမရှိခဲ့သော်လည်း ယခုအခါ ၎င်းကိုယ်တိုင်က PGA Tour အဖွဲ့ချုပ်ဖြင့် ပြန်လည် ပူးပေါင်းလိုကြောင်း အဖွဲ့ချုပ်ထံသို့ တရားဝင်လျှောက်ထားခဲ့ခြင်းဖြစ်သည်။

PGA Tour အဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက “ကိုပ်ကာဟာ ကမ္ဘာ့အကောင်းဆုံး ဂေါက်သီးရိုက် ကစားသမားစာရင်းဝင် တစ်ဦးဖြစ်ပါတယ်။ PGA Tour အဖွဲ့ချုပ်နဲ့ လက်တွဲဖို့အတွက် တရားဝင် လျှောက်ထားလာတဲ့အတွက် PGA Tour အဖွဲ့ချုပ်ကကစားသမားတွေလဲ ဝမ်းသာနေကြပါလိမ့်မယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အဆင့်(၃) အမေရိကန် ဂေါက်သီးရိုက် ကစားသမား ရှော့ဖ်လီက “ကိုပ်ကာ ပြန်လာတာ ကျွန်တော်တို့အားလုံးက ကြိုဆိုပါတယ်။ အားလုံးကလဲ ဝမ်းသာနေကြပါလိမ့်မယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Today

Trs : AZL

# နိုင်ငံတော်စိမ်းလန်းသာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

**စိန်ငွေးလှိုင်(ပခုက္ကူ)**

သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ သဘာဝအတိုင်းဖြစ်ပေါ်နေသည့် လူသားများက ဖန်တီးပြုလုပ်ထားခြင်းမဟုတ်သော သက်ရှိများနှင့်သက်ရှိမဟုတ်သည်များကိုခေါ်ဆိုသည်။ သဘာဝပေါက်ပင်များ၊ အဏုဇီဝသက်ရှိများ၊ မြေဆီလွှာ၊ ကျောက်စိုင်ကျောက်သားများ၊ ရေထု၊ လေထုတို့သည် သဘာဝပတ်ဝန်းကျင်များဖြစ်ကြသည်။ လူသားတို့အသက်ရှင်သန်ရပ်တည်ရန်အတွက် သန့်ရှင်းသာယာသောသဘာဝပတ်ဝန်းကျင်ရှိရန်လိုအပ်သည်။ လူသားတို့သည် သဘာဝပတ်ဝန်းကျင်ကို မှီခိုနေထိုင်လျက်ရှိကာ အနာဂတ်တွင်လည်း ဆက်လက်မှီခိုနေထိုင်ကြရမည်ဖြစ်သည်။ လူသားတို့စားဝတ်နေရေးအတွက် လိုအပ်သောသယံဇာတများသည် သဘာဝပတ်ဝန်းကျင်မှ ရရှိသည်။ ပတ်ဝန်းကျင်ကို လူသားများက ဖျက်ဆီးကြသည်။ သဘာဝကပေးထားသည့်ကောင်းကျိုးများ ထိခိုက်လျော့နည်းလာမှုကို လူသားများကပင်ပြန်လည်ထိန်းသိမ်းပေးရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကိုပျက်စီးစေသော အကြောင်းတရားများစွာရှိသည့်အနက် သစ်တောများလျော့နည်းလာခြင်း၊ ပလတ်စတစ်များကို အလွန်အကျွံသုံးစွဲပြီး စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ လေထုတွင်ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်မြင့်မားလာခြင်းတို့လည်းပါဝင်သည်။

သာယာလှပသော သဘာဝပတ်ဝန်းကျင်ဖြစ်စေရန် သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ သစ်ပင်များသည် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းခြင်း၊ ရာသီဥတုကိုမျှတစေခြင်း၊ အရိပ်အာဝါသရရှိခြင်းနှင့် နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုခြင်းစသည့်ကောင်းကျိုးများပေးဆောင်ကြသည်။ သစ်ပင်မရှိသောအရပ်ဒေသသည် ကန္တာရအတိဖြစ်လာနိုင်သည်။ လူသားတို့သည် သစ်ပင်နှင့်သစ်တောထွက်ပစ္စည်းများကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်းကြောင့် သစ်တောများပြုန်းတီးကာ မြစ်ချောင်းများရှိရေများခန်းခြောက်သွားနိုင်သည်။ ထို့ပြင် ကမ္ဘာ့သစ်တောများတွင် တောမီးလောင်သဖြင့် သစ်ပင်များပြုန်းတီးလာကာ လွင်တီးခေါင်ပြင်ဖြစ်လာပြီး ကမ္ဘာကြီးလည်းပိုမိုပူနွေးလာသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ရေစီးကြောင်းများပြောင်းလဲနိုင်သည်။ သမုဒ္ဒရာရေစီးကြောင်းပြောင်းလျှင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာကာ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းများကို ဖြစ်ပေါ်စေသည်။ ကမ္ဘာ့နေရာအနှံ့အပြားတွင် အပူချိန်မြင့်ခြင်း၊ နှင်းမုန်တိုင်းနှင့်သဲမုန်တိုင်းတိုက်ခတ်ခြင်း၊ နှင်းပျောက်သောဆောင်းရာသီဖြစ်ပေါ်ခြင်း စသည့်ရာသီဥတုဆိုးရွားမှုဒဏ်ကိုလည်းခံစားကြရသည်။ နောက်ဆက်တွဲအဖြစ် လျှောင်လှုပ်ခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးဒဏ်များခံစားရကာ လူသားတို့၏အသက်များဆုံးရှုံးရခြင်းတို့သည် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းကြောင့် ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ပျက်စီးရသော အချက်များတွင် ပလတ်စတစ်ကိုအလွန်အကျွံသုံးစွဲကာ စည်းကမ်းမဲ့မဆင်မခြင်စွန့်ပစ်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ပလတ်စတစ်သည် စက္ကူ၊ သစ်ရွက်၊ သစ်၊ ဝါး စသည့်သဘာဝပစ္စည်းများကဲ့သို့ မြေကြီးတွင်ရောနှောကာ မြေဩဇာဖြစ်မသွားပေ။ ပလတ်စတစ်အမှိုက်များသည် မြေကြီးထဲတွင် နှစ်ပေါင်း ၅၀၀ မှ ၁၀၀၀ ခန့်ကြာမှသာ ပျက်စီးနိုင်သဖြင့် ကမ္ဘာ့မြေဆီလွှာကိုထိခိုက်စေသည်။ မြေကြီးအတွင်း ရောက်သွားသော ပလတ်စတစ်အမှိုက်များကြောင့် မြေဆီလွှာအတွင်းရှိအပင်မျိုးစေ့တို့မှာ အပင်မပေါက်နိုင်တော့ဘဲ သေကျေပျက်စီးရသည်။ မီးရှို့ဖျက်ဆီးမည်ဆိုလျှင်လည်း ထွက်ရှိလာသည့် အီသိုင်း လင်းအောက်ဆိုက်နှင့်ဒိုင်အောက်စင်ဓာတ်များကလေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည်။

> ❖ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိရောက်သောလုပ်ဆောင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်ရာတွင် လက်ရှိအခြေအနေများကိုထိန်းသိမ်းခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုများကို ကာကွယ်ပေးခြင်း၊ သက်ရှိမျိုးစိတ်များ မျိုးသုဉ်းမှုမရှိအောင် အကာအကွယ်ပေးခြင်း၊ သဘာဝရင်းမြစ်များထုတ်ယူသုံးစွဲမှုလျှော့ချခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်သည်။ ❖

ပလတ်စတစ်အမှိုက်များသည် ပင်လယ်သမုဒ္ဒရာအတွင်းတည်ရှိနေလျှင်လည်း ရေအတွင်းမှဓာတ်များနှင့်ဓာတုဗေဒတုံ့ပြန်မှုဖြစ်ကာ ဓာတုဒြပ်ပေါင်းများထွက်ရှိလာသည်။ ထိုဒြပ်ပေါင်းများကြောင့် ရေနေသတ္တဝါများကိုသေဆုံးစေကာ ပင်လယ်သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည်။ ပလတ်စတစ်များသည် ချောင်းငယ်မြောင်းငယ်များမှတစ်ဆင့် မြစ်များ၊ ပင်လယ်သမုဒ္ဒရာများဆီသို့ရောက်ရှိသွားသည်။ မြောက်ပစိဖိတ်သမုဒ္ဒရာတွင် တန်ချိန်ကိုးသန်းကျော်ရှိသည့် ပလတ်စတစ်အမှိုက်ထုကြီးစီးမျောနေကြောင်းသိရှိရသည်မှာ သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာပျက်စီးစေနိုင်သည်။ ပလတ်စတစ်အမှိုက်များကို မြေနိမ့်ပိုင်းဖြစ်သောတွင်း၊ ချိုင့်များတွင် ဖို့မြေအဖြစ်စုပုံကာ မီးရှို့စက်ဖြင့်မီးရှို့မှုကဲ့သို့သော စည်းကမ်းတကျစွန့်ပစ်သည့်နည်းလမ်းကို အသုံးပြုရပါမည်။ ထို့ပြင် ပလတ်စတစ်များကို လျှော့ချသုံးစွဲခြင်း၊ ပလတ်စတစ်သုံးစွဲမှုကို တားမြစ်ခြင်း၊ အစားထိုးသုံးစွဲခြင်းတို့ဆောင်ရွက်ရမည်။ ပလတ်စတစ်အမှိုက်များကို မဆင်မခြင်စွန့်ပစ်မှုမျိုးမလုပ်ကြရန်အသိပညာပေးရမည်။ သို့မှသာ မြို့ပြကျေးလက်များသည် သန့်ရှင်းသာယာကာ ကောင်းမွန်သောသဘာဝပတ်ဝန်းကျင်ကိုရရှိမည်။

လေထုတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ မြင့်မားလာပါက ကမ္ဘာကြီးသည် ပူနွေးလာကာ ရာသီဥတုပြောင်းလဲခြင်း၊ ရေခဲမြစ်များအရည်ပျော်ကာ ပင်လယ်မျက်နှာပြင်မြင့်တက်လာခြင်း၊ အဏ္ဏဝါသက်ရှိများနှင့်သန္တာကျောက်တန်းများကို ထိခိုက်ခြင်း၊ ပြင်းထန်သောဟာရီကိန်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ တောမီးလောင်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များတိုးပွားလာမည်။ ရာသီဥတုပြောင်းလဲခြင်းသည် တောရိုင်းတိရစ္ဆာန်များအပေါ်တွင်သက်ရောက်ခြင်းသာမက နိုင်ငံတကာလူ့အဖွဲ့အစည်းကိုလည်း ဖန်လုံအိမ်အကျိုးသက်ရောက်မှုကိုဖြစ်ပေါ်စေသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် လေထုထဲတွင် သဘာဝအတိုင်းတည်ရှိနေသော်လည်း လူသားတို့ကစီမံသော ရုပ်ကြွင်းလောင်စာလောင်ကျွမ်းမှု၊ စက်မှုလုပ်ငန်းများနှင့် မီးတောင်ပေါက်ကွဲမှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတို့သည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ပမာဏကို သိသိသာသာတိုးတက်စေသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်သည် သီးနှံအထွက်နှုန်းတိုးစေသော်လည်း အပင်၏အာဟာရဓာတ်ကိုလျော့နည်းစေခြင်း၊ ပိုးမွှားကျရောက်မှုများပြားလာခြင်းကိုဖြစ်ပေါ်စေသည်။ ပိုးမွှားများကျရောက်ခြင်း၊ ပေါင်းမြက်များထူပြောခြင်းတို့ကို ကာကွယ်ရန်အတွက်ဓာတုဆေးများအသုံးပြုခြင်းသည်လည်း ဂေဟစနစ်ကိုပျက်စီးစေသည်။ ထို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့လျှော့ချရန်အတွက် ပြန်လည်အသုံးပြုနိုင်သည့် စွမ်းအင်များဖြစ်သော နေရောင်ခြည်၊ လေနှင့်ရေအားလျှပ်စစ်တို့ကို ပြောင်းလဲအသုံးပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များဖြည့်ဆည်းပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပြည်သူများပူးပေါင်းပါဝင်ခြင်း၊ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲမှုနည်းပါးအောင်ဆောင်ရွက်ခြင်း၊ သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း၊ ဓာတ်သတ္တုများထုတ်လုပ်မှုကို စနစ်တကျစိစစ်ခွင့်ပြုခြင်း စသည့်မူဝါဒများဖြင့်ဆောင်ရွက်နေသည်။ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိုးယွန်းကြီးအင်းဘေးမဲ့တော၊ မော်ယောကြီးဆင်စခန်း၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လောကနန္ဒာဘေးမဲ့ဥယျာဉ်၊ လော်ကားသဘာဝဥယျာဉ်၊ ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေ၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်စသည်တို့ကို တည်ထောင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ခရိုင်ကိုးခုအား "ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်း" အဖြစ် ၂၀၂၀ ပြည့်နှစ်က ဆောင်ရွက်ခဲ့သည်။ မြင်းခြံခရိုင်မှ တောင်သာတောင်၊ တောင်ဖီလာတောင်၊ ကျောက်တစ်လုံးတောင်၊ မြင်စိုင်းတောင်၊ ညောင်ဦးမြို့နယ်မှ တုရင်တောင်၊ ကျောက်ပန်းတောင်းမြို့နယ်မှပုပ္ပားတောင်တို့တွင် ရေဝေရေလဲလုပ်ငန်းအဖြစ်လုပ်ဆောင်လျက်ရှိသည်။ ကျောက်ပန်းတောင်းနှင့်ပျဉ်းမနားမြို့နယ်တို့တွင် ကြိုးပြင်ကာကွယ်တောများထူထောင်ခဲ့သည်။

ယနေ့နိုင်ငံတကာတွင် လူဦးရေတိုးပွားလာခြင်း၊ လူမှုလိုအပ်ချက်များပိုမိုများပြားလာခြင်း၊ စီးပွားရေးလုပ်ငန်းများ အပြိုင်အဆိုင်တိုးမြင့်လာခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်သည် တစ်နှစ်ထက်တစ်နှစ်ပျက်စီးယိုယွင်းလာပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၏ဆိုးကျိုးများကို ရင်ဆိုင်တွေ့ကြုံနေရသည်။ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်အတွက် သဘာဝပတ်ဝန်းကျင်ကိုထိရောက်သော လုပ်ဆောင်မှုနှင့်ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်ရာတွင် လက်ရှိအခြေအနေများကိုထိန်းသိမ်းခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှုများကို ကာကွယ်ပေးခြင်း၊ သက်ရှိမျိုးစိတ်များမျိုးသုဉ်းမှုမရှိအောင် အကာအကွယ်ပေးခြင်း၊ သဘာဝရင်းမြစ်များထုတ်ယူသုံးစွဲမှုလျှော့ချခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်သည်။ သဘာဝရင်းမြစ်များ၏ တန်ဖိုးနှင့်အရေးပါမှုကို လူထုအတွင်းအသိပညာပေးခြင်းဖြင့် အားလုံး၏စုပေါင်းလုပ်ဆောင်မှုကိုရရှိစေကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လုပ်ဆောင်ရာရောက်ပေသည်။ လူတစ်ဦးချင်းအနေဖြင့် ရေအသုံးပြုမှုလျှော့ချခြင်း၊ စွမ်းအင်သုံးစွဲမှုလျှော့ချခြင်း၊ တောရိုင်းတိရစ္ဆာန်များကို စောင့်ရှောက်ခြင်း၊ လူထုအတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးခြင်းတို့ လုပ်ဆောင်ရပါမည်။ ထိုလုပ်ငန်းစဉ်များတွင် တစ်ဦးချင်းလိုက်နာလုပ်ဆောင်ရမည့် အချက်များရှိသကဲ့သို့ အစုအဖွဲ့လိုက် လိုက်နာစောင့်ထိန်းရမည့်အချက်များလည်းရှိသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်စီမံကိန်းလုပ်ငန်းစဉ်ကြီးတစ်ခုဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် သဘာဝပတ်ဝန်းကျင်ကောင်းသည် လူသားတို့စိတ်နှလုံးကိုချမ်းမြေ့စေကာ နိုင်ငံကိုစိမ်းလန်းသာယာစေသည့်အပြင် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကိုလည်း ဖြစ်စေသည်။ ထို့ကြောင့် လူတိုင်းသဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသည့် အကြောင်းအရာများ မပြုလုပ်ကြဘဲ ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# Mahar ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်မည့် လက်ပံတံခါး ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်



**ရန်ကုန် ဇန်နဝါရီ ၁၀**

Mahar ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်မည့် လက်ပံတံခါး ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို ဇန်နဝါရီ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ပံတံခါး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ညမွှေးပန်းက ရေးသားထားပြီး သင်းနံ့သာနှင့် အိမ့်သဒ္ဒါတို့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ထွဋ်ဋ္ဌတင့်ထွန်းက တာဝန်ယူပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးကတော့ အခြားဇာတ်လမ်းတွဲတွေနဲ့ မတူတဲ့ ဇာတ်လမ်းတွဲလေးပါ။ ထူးထူးဆန်းဆန်း ဇာတ်အိမ်ကြီးကြီးနဲ့ ဇာတ်လမ်းတွဲလေးဆိုတော့ ပရိသတ်တွေကြည့်ခွင့်ရတဲ့အခါတော်တော်လေးကိုအံ့သြမိကြမယ်ထင်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ တဲရှေ့ဗေဒင်ဟောတဲ့သူနေရာက သရုပ်ဆောင်ရမှာပါ။ အဲဒီအတွက်တော့ တဲရှေ့ဗေဒင်ဟောတဲ့ဆရာမတစ်ယောက်ယောက်နဲ့ လေ့လာရမှာပေါ့။ ပြခွင့်ရတဲ့အခါ အားပေးကြပါအုံး"ဟု အဆိုပါ လက်ပံတံခါး ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် မြတ်ကေသီအောင်က ပြောပြသည်။

လက်ပံတံခါးရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဘုန်းရှိန်ခန့်၊ ဝင်းခန့်မိုး၊ ယံမြတ်၊ ဖြိုးခန့်၊ ရဲမွန်၊ ဟိန်းဇေ၊ ဇက်ဂိုဟန်၊ မြတ်ကေသီအောင်၊ ဖုန်းသီရိကျော်၊ ဆုထက်လှိုင်၊ မိုးသဲဖြူ၊ ဒေါ်ဝေဝေခင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# တေးသံရှင် L ဆိုင်းဇီ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon-THOR တွင် ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

တေးသံရှင် L ဆိုင်းဇီ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon–THOR ၌ ဇန်နဝါရီ ၁၅ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် L ဆိုင်းဇီထံမှ သိရသည်။

တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် L ဆိုင်းဇီ၏ သီဆိုဖျော်ဖြေမှုများကို Jupiter Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီ တီးခတ်ပေးသွားမည်ဖြစ်ကြောင်း၊ တေးသံရှင် L ဆိုင်းဇီနှင့်အတူ ဧည့်သည်အဆိုတော်များကလည်း ပါဝင်ပံ့ပိုးသီဆိုပေးကြမည်ဖြစ်ပြီး တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၁၅ ရက် ည ၆ နာရီ မိနစ် ၃၀ တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။




"ဇန်နဝါရီ ၁၅ ရက်မှာ Jupiter Music Band နဲ့အတူ THOR မှာ ရှိပါမယ်။ တစ်နေ့တာရဲ့စိတ်ဖိစီးမှုတွေအားလုံးကိုလျှော့ချရင်း စိတ်ခံစားချက်တွေကို အကောင်းဆုံးဖျော်ဖြေတင်ဆက်မှုတွေ ခံစားနားဆင်နိုင်မဲ့ Music Event လေးရှိနေပါတယ်။ ဒီပွဲမှာ Special guest တွေအနေနဲ့ Jenny, Suzi, Hpong Latt Aung, Kha တို့က ပါဝင်ဖျော်ဖြေတင်ဆက်သွားမှာပဲ ဖြစ်ပါတယ်။ Special guest တွေရဲ့ ပရိသတ်အကြိုက် စွဲမက်ဖွယ်သီချင်းတွေကို ခံစားနားဆင်ရင်း အမှတ်တရညတွေကိုဖန်တီးဖို့ ဒီ Music Event လေးကို အရောက်လှမ်းလာခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် L ဆိုင်းဇီက ပြောပြ၍ သိရသည်။

ASH

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားများကို ၁၇ ကြိမ်မြောက်အဖြစ် ဆန်၊ ဆီနှင့် စားသောက်ကုန်များ ပေးဝေသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားများကို ၁၇ ကြိမ်မြောက်အဖြစ် ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ဇန်နဝါရီ ၂၂ ရက်မှ ဇန်နဝါရီ ၂၄ ရက်ထိ ပေးဝေသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

ထိုသို့ ဆန်၊ ဆီ၊ ကြက်သွန်နှင့် စားသောက်ကုန်များကို ပေးဝေရာ တွင် မြန်မာ့ရုပ်ရှင်လောကသားများဖြစ်ကြသည့် အုပ်ချုပ်၊ ဖြန့်ချိ၊ ဇာတ်ညွှန်း၊ တည်းဖြတ်၊ စက်မှု၊ ဇာတ်ပို့၊ ဇာတ်ရုံ၊ အဓိကသရုပ်ဆောင်၊ ဒါရိုက်တာ၊ ဗီဒီယိုပြဇာတ်၊ နောက်ခံတေးဂီတ၊ ထုတ်လုပ်သူတို့ကို အလှည့်အလိုက် သတ်မှတ်ရက်များအတိုင်း ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အစည်းအရုံးက ရုပ်ရှင်လောကသားတွေကို ကိုဗစ်ကာလကနေစတင်ပြီးတော့ ဆန်၊ ဆီနဲ့ စားသောက်ကုန်တွေကို ပံ့ပိုးမှုပေးခဲ့တာ အခုဆိုရင် ၁၇ ကြိမ်ရှိပါပြီ။ မြန်မာ့ရုပ်ရှင်လောကသားတွေကို တတ်နိုင်သမျှ ပံ့ပိုးမှုပေးခဲ့တာက ၁၉၉၅ ခုနှစ်ကတည်းကပါ"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများအား ၁၇ ကြိမ်မြောက်အဖြစ် ဆန်၊ ဆီနှင့်စားသောက်ကုန်များကို လျှုဒါန်းထုတ်ဝေပေးရာတွင် ဇန်နဝါရီ ၂၂ ရက်နေ့တွင် အုပ်ချုပ်၊ ဖြန့်ချိ၊ ဇာတ်ညွှန်း၊ ထုတ်လုပ်သူ၊ ရုပ်ရှင်နောက်ခံတေးဂီတ၊ ပြဇာတ်၊ တည်းဖြတ်သူ၊ အဓိက သရုပ်ဆောင်၊ ဒါရိုက်တာများကိုလည်းကောင်း၊ ဇန်နဝါရီ ၂၃ ရက်တွင် ဇာတ်ပို့၊ ဇာတ်ရုံများကို လည်းကောင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် စက်မှုအလှူမှ အတတ်ပညာရှင်များကိုလည်းကောင်း အသီးသီး လျှုဒါန်း ထုတ်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Behemoth! ဒရာမာဇာတ်ကား၌ မင်းသား ဝီအားနက် ပါဝင်လာ

**နယူးယောက် ဇန်နဝါရီ ၁၀**

Behemoth! ဒရာမာဇာတ်ကား၌ မင်းသား ဒေးဗစ်ဟာဘာ နေရာ၌ မင်းသား ဝီအားနက် အစားထိုး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၉ ရက် သတင်းများအရ သိရသည်။

မင်းသား ဒေးဗစ်ဟာဘာသည် အချိန်ကာလ ပြဿနာကြောင့် Behemoth! ဇာတ်ကားမှ နုတ်ထွက်သွားခြင်းဖြစ်သည်။

Behemoth! ဇာတ်ကားတွင် မင်းသား ဝီအားနက်သည် မင်းသား ပက်ဒရိုပါစကယ်၊ မင်းသမီး အိုလီဗီယာဝိုင်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Behemoth! ဇာတ်ကားကို ဒါရိုက်တာ တိုနီဂျီရှိုင်းက တာဝန်ယူရိုက်ကူးနေပြီး အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ၎င်းကိုယ်တိုင်ရေးသားထားကြောင်း သိရသည်။

Behemoth! ဇာတ်ကားသည် ဂီတသမားတစ်ဦး၏ အချစ်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Searchlight Pictures ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Cold Zero ဝတ္ထုကို ရုပ်ရှင်အဖြစ် ရိုက်ကူးရန် Netflix စီစဉ်နေ

**နယူးယောက် ဇန်နဝါရီ ၁၀**

Netflix ကုမ္ပဏီသည် Cold Zero အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ်ရိုက်ကူးရန် စီစဉ်နေကြောင်း ဇန်နဝါရီ ၉ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားကို နာမည်ကျော် အမေရိကန်စာရေးဆရာ ဘရက်သော်၏ Cold Zero ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Cold Zero ဇာတ်ကားအတွက် ဇာတ်ညွှန်းကိုဇာတ်ညွှန်းရေးဆရာ နစ်ပစ်ဇိုလက်တိုက ရေးသားပေးထားပြီး ထုတ်လုပ်သူအဖြစ် ပီတာဘာ့ဂ က တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

Cold Zero ဇာတ်ကားတွင် မြောက်ဝင်ရိုးစွန်းအနီး လေယာဉ်ပျက်ကျခဲ့ပြီးနောက် အသက်ရှင်ကျန်ရစ်သူများ၏ ရုန်းကန်မှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် Cold Zero ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာနှင့်ပါဝင်မည့်သရုပ်ဆောင်များကို မသိရသေးပေ။

စာရေးဆရာ ဘရက်သော်၏ Cold Zero ဝတ္ထုကမူ လာမည့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing meets with departmental officials and local elders from Kangyidaunt, and discusses regional development


Senior General Min Aung Hlaing meets with departmental officials and local elders from Kangyidaunt.

**Nay Pyi Taw January 10**

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing met with departmental officials and local elders from Kangyidaunt town, Ayeyawady Region, at Ayeyathiri Thukha Hall this morning and discussed regional development.

Also present at the meeting were SSPC Secretary General Ye Win Oo, union ministers, Ayeyawady Region Chief Minister U Tin Maung Win, senior military officers from Office of Commander-in-Chief, the South-West Command commander, deputy ministers, and local people.

First, the chief minister reported on preparations for the successful holding of the phase 2 of the election in Kangyidaunt Township, regional points, agriculture and livestock undertakings, crops that meet the set per acre yield target, efforts to increase sown acreage of edible oil crops, cultivation of value-added pawhsanhmwe rice strain, robuster coffee cultivation, hemp cultivation for producing natural fertilizer, local food sufficiency, loans disbursed from national economic fund for agriculture, livestock and production businesses and availability of inputs, year-wise rural electrification projects, support for development of MSMEs and health, education and sports sectors.

Local elders expressed thanks, on behalf of the local people, for the support provided by the Head of State for progress of farming activities in Ayeyawady Region and development undertakings. They requested assistance for upgrading the People's Hospital in Kangyidaunt, building a town hall, arranging hostels for teachers of agriculture, livestock and mechanical basic education schools from faraway places, upgrading the science hall, and building a retaining wall along Kanna Street, the venue of public recreation park and traditional festivals to prevent bank erosion, and continuation of the Myole-Padaungpaing-Padaukpin road upgrading project and the 4.5-mile long Thayetchaulg-Lahakalu canal digging project that will irrigate about 700 acres of summer paddy in Lahakalu, Hsatkwin, Kwinyar-ashay, Htanbin, Kyutan, Meechaungtaya, village-tracts in Kangyidaunt Towship.

In response, the Senior General said reports on town beautification, road transport improvement, and other issues that are beneficial for the public will be examined and the requirements will be fulfilled.

Union Ministers U Min Naung and Dr Charlie Than discussed the implementation of the Thayetchaung-Lahakalu canal dredging project phase I and a plan underway to prioritize the implementation of the phase II, suggestions to increase cultivation of marketable Pawsanhmwe rice in Kangyidaunt Township, efforts to meet the target cultivation for crops in the region, arrangements of the State to provide necessary inputs, cultivation of Robusta coffee strains in horticultural farms with necessary assistance of the government, use of farmlands under the prescribed laws and rules, efficient use of farmlands under the procedures as Kangyidaunt Township is located on a focal point of transport with proper management, provisions of capitals, technologies and inputs to develop MSME businesses, conducting the courses on agriculture, livestock and industrial techniques, chances for individuals from Kangyidaunt Township to seek necessary aids under the procedures in order to produce quality agricultural and livestock products, and needs to systematically operate industries without harming the natural environment.

On the occasion, the Senior General said that this was his first visit to the Kangyidaunt area and that he was pleased to see the town looking clean and well maintained. The Senior General noted that the responsibility of any government is to work for national development, adding that his administration is a government that has assumed duties on an interim basis. The Senior General explained that due to irregularities in the 2020 multiparty democratic general election, the Tatmadaw had to assume state responsibilities in accordance with the 2008 Constitution. The Senior General added that the election irregularities were investigated and uncovered. When the government first took office, the COVID-19 pandemic was ongoing and conflicts arose due to political differences. Amid such unrest and violence, together with the spread of COVID-19, many public service personnel including education and health staff left their workplaces without thorough understanding about politics and national cause due toincitement, instigation, intimidation, and coercion and participation in the Civil Disobedience Movement (CDM). Hence, the government tried hard to overcome different hardships and crises.

Similarly, efforts had been made to promote agricultural and livestock production in order to boost national economic growth. The Senior General noted that when they first assumed responsibilities, they had done their best to advance the national economy despite sanctions. Such progress was made possible due to the collective cooperation and efforts of all the people living in the country. Only with economic development would living standards improve, and therefore production-based industries grounded in agriculture and livestock breeding be further developed to achieve greater progress than at present.

Kangyidaunt area is based on an agriculture- and livestock-driven economy, and therefore greater emphasis must be placed on promoting rural economic development. In order to carry out agricultural and livestock activities in a systematic manner, industrial, agricultural, livestock, basic education high schools have been opened by district across the country, with efforts underway to further expand moreestablishments. These schools will produce skilled human resources proficient in agricultural and livestock activities that will support local production.


Senior General Min Aung Hlaing visits the Pathein Education Degree College.

He stated that the State is striving to upgrade the education sector to ensure an abundance of educated

*See Page 13*

*From Page 12*

human resources necessary for national development. In a democratic system, it is crucial to know and follow the law; therefore, every citizen needs to have a fundamental understanding of legal matters. Furthermore, if every citizen possesses economic awareness, it will significantly bolster national economic growth starting from the individual level. To facilitate this, Bachelor of Arts (Law) and Bachelor of Arts (Economics) programs are being taught at every university to ensure the widespread acquisition of legal and economic knowledge.

Also, he stated that educated human resources are essential for regional development. Therefore, although the Constitution mandates a compulsory primary education system, the government has arranged for every citizen to be able to study until the completion of middle school (KG+9) to keep pace with the current age. He noted that successes have already been achieved and that these efforts will continue to be implemented more effectively and extensively. Furthermore, he stressed the need to prioritize increasing the class transition rates of students. It is necessary to strive for a further increase in the number of educated individuals within Kangyidaunt Township. He emphasized that technical expertise can only be built upon the foundation of formal schooling, and students must have the opportunity to pursue higher education in their respective subjects. To this end, he urged those in charge to prioritize increasing the class transition rates of students to ensure their academic progress. He stated that parents should support their children's education to ensure they achieve better lives and greater success than previous generations. To support the national education upgrade and enable teachers to pursue master'sdegrees and advanced studies, certain Education Degree Colleges will be upgraded to Universities of Education. Furthermore, he urged everyone to maintain a healthy lifestyle, noting that good health is the essential foundation for both effective work and successful learning.

He then stated that if the country successfully develops its agriculture and livestock sectors, national prosperity will increase significantly. He noted that due to the failure to meet target yields in agricultural activities across the nation, the country is losing approximately 8 billion USD annually. Therefore, efforts must be made to ensure that target yields per acre are achieved. He emphasized the need to enhance production industries based on agriculture and livestock,and urged for the cultivation of crops that are in high demand in both domestic and international markets. It has been noted that Paw San Hmwerice is cultivated within Kan Gyi Daunt Township; as a high-value variety, it possesses significant export potential for international markets. Therefore, he urged for concerted efforts to be made to increase the production and cultivation of Paw San Hmwe rice.

It has been learned that within Kangyidaunt Township, livestock farming involves raising layer chickens, fish, ducks, and cattle. Promoting cattle farming can help obtain the necessary organic fertilizers for agricultural activities. It is also necessary to plant shade trees and windbreak trees within the region to adequately protect against natural disasters. The state is also providing as much support as possible to enhance the flow of goods and make transportation faster and smoother within the region. It was also stated that the second part of the election will be held in the coming days, and in casting votes, it is necessary to select and vote for those who can genuinely work for the benefit of the region and the country, and who have an interest in working to improve and advance the region's education and healthcare.

Subsequently, the Senior General warmly greeted the departmental officials, town elders, and local residents who attended the meeting.

Furthermore, the Senior General, accompanied by his entourage members, visited the Education Degree College in Pathein, where they were welcomed and greeted by the Deputy Minister for Education, the Rector, and responsible officials. Following that, based on the presentation of college-related information and requirements, the Senior General gave necessary instructions.

Afterward, the Senior General, and members inspected the Pyinnya Yadana Hall and toured the college. Based on the presentations by responsible officials, it was noted that the hall needs to be upgraded, and for a clean, beautiful, well-ventilated, and healthy environment within the college, large trees should be pruned at the base to allow more light, cleaning tasks should be carried out systematically, and buildings should be renovated and maintained as needed for effective use. Other necessary instructions were also given.

Subsequently, the Senior General, and members arrived at the college library for inspection. Based on the presentations by responsible officials, he noted that the library needs to be stocked with a wide variety of books and literature, and that having teaching aid books would be particularly helpful for students. Bookshelves and cabinets should be organized systematically, and books and literature should be properly maintained and used. Other necessary instructions were also given.

Later, the Senior General donated funds to systematize the library, which were received by the library in-charge. 100

# YeU Township expands sown acreage of vegetables this year

**YeU January 10**

YeU District Agriculture Department stated that local farmers expanded sown acreage of vegetables rather than the target cultivation in YeU Township of Sagaing Region.

During the 2025-2026 winter crop cultivation season, YeU Township planned to cultivate 4,044 acres of vegetables. Planting began in October 2025, and as of today, cultivation has been completed on 4,243 acres, according to reports.

"During this winter crop season in YeU Township, 4,044 acres of vegetables were targeted, and planting has already been completed on 4,243 acres. The crops include mustard greens, chilies, spices, potatoes, cabbage, eggplant, and cauliflower. Farmers are being provided with technical guidance to ensure that all vegetables are cultivated using the GAP system. We are also providing farmers with techniques to grow vegetables in a health-compliant manner with minimal chemical residues," said U Zaw Myint Tun, District Head of the YeU District Department of Agriculture.

This year, in YeU Township, the Township Department of Agriculture has been providing vegetable farmers with technical training on GAP-based cultivation, guidance to ensure that vegetables produced from farms are safe and healthy crops, and support measures to encourage the expansion of vegetable cultivation, it is reported.

In YeU Township, a wide variety of vegetables are cultivated annually according to the season. These vegetable crops have been successful and generate household income. The Township Department of Agriculture is also providing awareness and technical guidance to farmers on correct cultivation methods, pest-free farming, and the preparation and use of natural fertilizers as well as natural pesticides and pest repellents. 206

# 7.1-magnitude earthquake strikes off Indonesia's Talaud Islands

**Jakarta January 10**

A 7.1-magnitude earthquake struck off the coast of Indonesia's Talaud Islands on Saturday, the country's Meteorology, Climatology and Geophysics Agency (BMKG) reported.

The quake occurred at 9:58 p.m. local time, with the epicenter located 52 km southeast of Melonguane, capital of the Talaud Islands Regency in North Sulawesi Province, at a depth of 17 km, BMKG said on its website.

The coordinates of the epicenter were recorded at 3.64 degrees north latitude and 126.98 degrees east longitude.

The agency cautioned that aftershocks may occur.

Xinhua

# World Insights: Tensions soar after U.S. protester shot dead by ICE agent

**Washington January 10**

Tensions are soaring in the U.S. city of Minneapolis as protests enter their third day following the fatal shooting of a 37-year-old woman by an Immigration and Customs Enforcement (ICE) agent in Minnesota earlier this week.

The Department of Homeland Security (DHS) has alleged that the victim, Renee Good, was attempting to run over law enforcement officers when an ICE officer fatally shot her Wednesday morning -- a claim that local officials have disputed.

Demonstrations turned confrontational on Thursday morning in front of the Bishop Henry Whipple Federal Building, which is being used as a launching pad to crack down on migrants who are living in the city illegally. Hundreds of protesters gathered, shouting "shame" and "murder" at ICE agents.

Federal officers, including Border Patrol and ICE agents, used pepper spray, tear gas, pepper balls, and smoke devices to disperse the crowd, which agents claimed was growing violent.

The DHS, which governs the ICE, said federal officers were assaulted with rocks, chunks of ice, and pepper spray and reported that two people were charged with assaulting federal officers and that officers sustained multiple injuries. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အစ္စရေးလေတပ်အတွက် F-15IA တိုက်လေယာဉ်များ ပံ့ပိုးပေးရန် Boeing ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့



အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနသည် အစ္စရေးလေတပ်အတွက် F-15IA တိုက်လေယာဉ်များ ပံ့ပိုးပေးရန် Boeing ကုမ္ပဏီနှင့် ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နိုင်ငံခြားစစ်ဘက်ဆိုင်ရာ အရောင်းအဝယ်အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဤသဘောတူညီချက်တွင် တိုက်လေယာဉ် ၂၅ စင်း၏ ကိုယ်ထည်များ တပ်ဆင်ခြင်း၊ စနစ်များပေါင်းစပ်ခြင်း၊ တိုင်းတာရေးကိရိယာများ တပ်ဆင်ခြင်းနှင့် ဆက်စပ်စမ်းသပ်မှုများ ပြုလုပ်ခြင်းတို့ ပါဝင်သည်။ ထို့ပြင် နောက်ထပ် လေယာဉ် ၂၅ စင်း ထပ်မံထုတ်လုပ်ရန် ရွေးချယ်ခွင့်လည်း ပါဝင်နေကြောင်း သိရသည်။

Boeing ကုမ္ပဏီသည် ထုတ်လုပ်ရေးနှင့် ဆက်စပ်လုပ်ငန်းများကို ၎င်း၏စက်ရုံတွင် လုပ်ဆောင်သွားမည်ဖြစ်ပြီး ၂၀၃၅ ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းများပြီးစီးရန် မျှော်မှန်းထားသည်။ ကုမ္ပဏီအနေဖြင့် စီမံကိန်းတစ်လျှောက်လုံးတွင် အမေရိကန်နိုင်ငံ Ohio ပြည်နယ် Wright-Patterson လေတပ် အခြေစိုက်စခန်းရှိ လေတပ်သက်တမ်း စက်ဝန်းစီမံခန့်ခွဲမှုစင်တာ အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

F-15IA တိုက်လေယာဉ်သည် အမေရိကန် လေတပ်နှင့် လေတပ်အမျိုးသားအစောင့်တပ်ဖွဲ့၏ ဟောင်းနွမ်းနေသော F-15C/D တိုက်လေယာဉ်အုပ်စုများကို အစားထိုးရန် တည်ဆောက်ထားသည်။

အမေရိကန်စစ်ဘက်၏ လက်ရှိ F-15 Advanced Eagle မူလပုံစံကို အခြေခံထားသော F-15IA သည် F-22 နှင့် နောက်ဆုံးပေါ် F-35 တိုက်လေယာဉ်တို့အပါအဝင် မတူညီသော မျိုးဆက်သစ် တိုက်လေယာဉ်များကြား ပေါင်းစပ်လှုပ်ရှားနိုင်စွမ်းကို အဆင့်မြှင့်တင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ခြိမ်းခြောက်မှုများ မြင့်တက်နေချိန်အတွင်း လေကြောင်းစွမ်းအားကို အားဖြည့်ရန်အတွက် အစ္စရေးအစိုးရသည် ၂၀၂၃ ခုနှစ်တွင် F-15IA ကို စတင်ဝယ်ယူရန် ဆန္ဒပြုခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် အစ္စရေးကာကွယ်ရေး အေဂျင်စီသည် Boeing ကုမ္ပဏီနှင့် ပထမသုတ်အတွက် စာချုပ်ချုပ်ဆိုခဲ့သည်။ တိုက်လေယာဉ် အစင်းရေ ၅၀ ထိ ဝယ်ယူနိုင်မည့်ရွေးချယ်ခွင့်ပါဝင်သော ဤအစီအစဉ်အရ ပထမဆုံး လွှဲပြောင်းမှုများကို ၂၀၃၁ ခုနှစ်တွင် စတင်မည်ဖြစ်ပြီး တစ်နှစ်လျှင် လေးစင်း မှ ခြောက်စင်းထိ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

F-15IA တိုက်လေယာဉ်သည် အလျား ပေ ၆၀ (၂၀ မီတာ)၊ တောင်ပံအကျယ် ၄၂ ပေ (၁၃ မီတာ)ရှိပြီး လက်နက်စနစ်ထိန်းချုပ်သူ တစ်ဦးပါ လိုက်ပါမောင်းနှင်နိုင်ကြောင်း၊ ၎င်းလေယာဉ်တွင် ၂၀ မီလီမီတာ Gatling cannon စက်အမြောက်၊ ဝေဟင်မှ ဝေဟင်ပစ်၊ ဝေဟင်မှ မြေပြင်ပစ် ဒုံးကျည်များအပြင် လမ်းညွှန်စနစ်ပါရှိသော Guided ဗုံးနှင့် မပါရှိသော Un-guided ဗုံးများ တပ်ဆင်ထားသည်။

လေယာဉ်၏ ထူးခြားချက်များအနေဖြင့် Raytheon AN/APG-82(V)1 AESA ရေဒါ၊ အနီအောက်ရောင်ခြည်ဖြင့် ရှာဖွေခြေရာခံစနစ် (IRST)၊ Sniper XR ပစ်မှတ်ချိန်ကိရိယာ (Targeting pods)နှင့် အီလက်ထရွန်နစ် တန်ပြန်စစ်ဆင်ရေးစနစ်တို့ ပါဝင်သည်။

အင်ဂျင်အနေဖြင့် General Electric F110-GE-129 အင်ဂျင်နှစ်လုံးကို အသုံးပြုထားပြီး အမြင့်ဆုံးအမြန်နှုန်း Mach 2.5 (တစ်နာရီ ၁၉၁၈ မိုင်) ထိ ပျံသန်းနိုင်သည်။ ခရီးအကွာအဝေးအားဖြင့် ရေမိုင် ၂၁၀၀ (၂၄၁၇ မိုင်) ထိ သွားလာနိုင်ပြီး အမြင့်ပေ ၆၀၀၀၀ ထိ ပျံသန်းနိုင်ကြောင်း သိရသည်။

**Boeing to Supply F-15s to Israel Under $8.5B Pentagon Deal** ကို ဘာသာပြန်ဆိုထားပါသည်။

## ASELSAN ကုမ္ပဏီ၏ ယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးစနစ်က စမ်းသပ်မှုအတွင်း ဒရုန်းတစ်စင်းကို ဟန့်တားဖျက်ဆီးနိုင်ခဲ့

တူကီယဲနိုင်ငံ ASELSAN ကုမ္ပဏီ၏ KORKUT 140/35 ယာဉ်တင်လေကြောင်းရန် ကာကွယ်ရေးစနစ်သည် စမ်းသပ်မှုအတွင်း FPV အမျိုးအစား ဒရုန်းတစ်စင်းကို အောင်မြင်စွာ ဟန့်တားဖျက်ဆီးနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Army Recognition သတင်းဌာနက ဇန်နဝါရီ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစမ်းသပ်မှုသည် အနိမ့်ပျံ ဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် ကုန်ကျစရိတ်သက်သာမှုကို ရှာဖွေနေကြသော စစ်ဘက်အဖွဲ့အစည်းများအတွက် စက်အမြောက်အခြေပြု အနီးကပ်လေကြောင်းရန်ကာကွယ်ရေး စနစ်များ၏ အခန်းကဏ္ဍမြင့်တက်လာမှုကို မီးမောင်းထိုးပြနေသည်။

ASELSAN ကုမ္ပဏီ၏ KORKUT 140/35 လေကြောင်းရန်ကာကွယ်ရေးစနစ်သည် FPV အမျိုးအစား ဒရုန်းတစ်စင်းကို ကျည်စစ်ကျည်မှန်ဖြင့် ပစ်ခတ်ဖျက်ဆီးပြနိုင်ခဲ့သည်။ အဆိုပါစမ်းသပ်မှုသည် ဈေးနှုန်းသက်သာသော ဒရုန်းများကို ဈေးကြီးသည့် ကြားဖြတ်ဟန့်တားဒုံးကျည်များကိုအသုံးပြုရန် ကုန်ကျစရိတ်နှင့် လက်နက်အရေအတွက် မလုံလောက်သော အခက်အခဲကို ဖြေရှင်းနိုင်တော့မည်ဖြစ်သည်။ တူကီယဲနိုင်ငံအတွက် ဤစမ်းသပ်မှုသည် အောင်မြင်စွာပစ်ချနိုင်ခြင်းသာမက အခြေစိုက်စခန်းများကို ကာကွယ်ခြင်း၊ သံချပ်ကာတပ်ဖွဲ့များနှင့်အတူ လိုက်ပါကာကွယ်ပေးနိုင်သည့် ရွေ့လျားစက်အမြောက်စနစ် အသားကျဖြစ်နေမှုကို ဖော်ညွှန်းပြနေခြင်းဖြစ်သည်။

ဤစမ်းသပ်မှုသည် KORKUT လက်နက်စနစ်၏ ပိုမိုကျယ်ပြန့်သော ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းနှင့် ကိုက်ညီနေသည်။ ချိန်းတပ်ပုံစံဖြင့် စတင်အသုံးပြုခဲ့ပြီးနောက် ပြည်ပသို့ တင်ပို့နိုင်ရန်အတွက်ပါ ရည်ရွယ်ကာ ရှစ်ဘီးတပ် သံချပ်ကာယာဉ်ပေါ်တွင် တင်ဆောင်ထားခြင်းဖြင့် ရွေ့လျားစစ်ကစားနိုင်စွမ်းကို မြှင့်တင်ကာ မစ်ရှင်အမျိုးမျိုးတွင် အသုံးပြုနိုင်ရန် ပြုပြင်ပြောင်းလဲနိုင်ခဲ့သည်။

KORKUT 140/35 စနစ်ကို အနီးကပ်လေကြောင်းခြိမ်းခြောက်မှုများကို အရှိန်အဟုန်ပြင်းစွာ တုံ့ပြန်နိုင်ရန် ၃၅ မီလီမီတာ အမြောက်နှစ်လက်ဖြင့် တည်ဆောက်ထားသည်။ ထုတ်ပြန်ထားသည့် အချက်အလက်များအရ တစ်မိနစ်လျှင် ကျည်ဆန်အချက်ရေ ၁၁၀၀ ပစ်ခတ်နိုင်ပြီး လေးကီလိုမီတာအကွာအဝေးထိထိရောက်စွာ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ဒရုန်းများကို တန်ပြန်ရာတွင် ဤစနစ်သည် ATOM ဟုခေါ်သော ၃၅ မီလီမီတာ လေထဲတွင် ပေါက်ကွဲသည့် လေကွဲကျည်များကို အသုံးပြုနိုင်သည်။ ၎င်းသည် ပစ်မှတ်ကို တိုက်ရိုက်ထိမှန်ရန် မလိုအပ်ဘဲ သတ်မှတ်ထားသည့် အမှတ်သို့ရောက်လျှင် ပေါက်ကွဲကာ ကျည်စများကို ဖြန့်ကြက်ခြင်းဖြင့် ပစ်မှတ်၏ လမ်းကြောင်းအတွင်း၌ပင် တိုက်ခိုက်ဖျက်ဆီးနိုင်သည်။ ထိုနည်းလမ်းသည် အရွယ်အစားသေးငယ်ပြီး လမ်းကြောင်းပြောင်းလဲမှု မြန်ဆန်သော FPV ဒရုန်းများကို တိုက်ခိုက်ရာတွင် အလွန်ထိရောက်မည်ဖြစ်သည်။




လက်တွေ့စစ်ဆင်ရေးများတွင် KORKUT ကို ယာဉ်တစ်စင်းတည်းဖြင့် မဟုတ်ဘဲ အဖွဲ့လိုက် အသုံးပြုရန် ဒီဇိုင်းထုတ်ထားသည်။ ပုံမှန်အားဖြင့် ကွပ်ကဲမှုစနစ်ယာဉ် (C2 vehicle) တစ်စင်းက လက်နက်တင်ယာဉ် သုံးစင်းကို ထိန်းချုပ်တိုက်ပွဲဝင်နိုင်သည်။ ကွပ်ကဲမှုယာဉ်တွင် 3D ရှာဖွေရေးထောက်လှမ်းရေးရေဒါပါဝင်ပြီး ပစ်မှတ်ကို ရှာဖွေထောက်လှမ်းကာ လက်နက်တင်ယာဉ်များထံ သတင်းပို့သည်။ လက်နက်တင်ယာဉ်တစ်ခုချင်းစီတွင်လည်းကိုယ်ပိုင်ရေဒါနှင့် အီလက်ထရိုအော့ပတစ် အာရုံခံကိရိယာများပါဝင်သောကြောင့် သေးငယ်သည့် ဒရုန်းများကို ပတ်ဝန်းကျင်အခြေအနေ အမျိုးမျိုးကြားမှ တိကျစွာခွဲခြားထောက်လှမ်းနိုင်မည်ဖြစ်သည်။

စစ်လက်နက်ဝယ်ယူရေးနှင့် တပ်ဖွဲ့ပုံစံဒီဇိုင်းရှုထောင့်မှကြည့်လျှင် ယခု FPV ဒရုန်းကို ပစ်ချနိုင်မှုသည် စွမ်းဆောင်ရည်တင်မကဘဲ လက်တွေ့ကျမှုကိုပါ သက်သေပြလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**ASELSAN's Mobile KORKUT 140/35 Air Defense System Successfully Engages Drone in Dynamic Field Test** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကျွန်းလှ ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၉၆ ကေစိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၂၄၅ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၃၈၉၆ ကေလျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာတော့ ၁၄၂၄၅ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရာတွင် တစ်ကေကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ်တွင် ဒေသထွက်ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ရေကြည် ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ထွက်ရှိသည့် ကြက်ဟင်းခါးသီးများသည် ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၀၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်းသိရသည်။

"လက်ရှိ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိဒေသမှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ထားတဲ့ကြက်ဟင်းခါးသီးတွေ ထွက်နေပါတယ်။ ကြက်ဟင်းခါး သီးတွေကလဲ အရည်အသွေး



ကောင်းပါတယ်။ ကြက်ဟင်းခါး သီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသ ကုန်စိမ်းဈေးကွက်က အဝယ်များနေတာကြောင့် လက်ရှိ တစ်ရက်တာ ရောင်းအားတက်နေတာပါ" ဟု ရေကြည်မြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ထွက်ရှိသည့် ကြက်ဟင်းခါးသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြား ကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့်ဒေသများသို့တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်ပန်းတောင်းမြို့နယ် ဘင်ဂွကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုစစ်ဆေး

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘင်ဂွကျေးရွာရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ဘင်ဂွကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး တင်ပြချက်များ အပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဘင်ဂွကျေးရွာ၌ အရှည် ၅ ဒသမ ၇၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်မြေသား နှစ်ပေ၊ သဲဖြူနှန်း ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၁၀၁ ဒသမ ၅၅ သန်း အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်မှုလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိသည့် ထုတ်ကုန်၊ ထွက်ကုန်များဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည် ဖြစ်ကြောင်းကျောက်ပန်းတောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်ထံမှ သိရသည်။

**ချိုသန်းညွန့်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မိုင်းယောင်းမြို့နယ် နမ့်နော်(ပေါ်)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**မိုင်းယောင်း ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်နော်(ပေါ်)ကျေးရွာ၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နမ့်နော်(ပေါ်)ကျေးရွာ၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ရှိ ပညာရေးဒီဂရီကောလိပ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၊ နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် တစ်နှစ်လျှင်အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ဆုံးရှုံးရလျက်ရှိ၊ ထို့ကြောင့် တစ်ဧက ပန်းတိုင်အထွက်နှုန်းအတိုင်းရရှိစေရေးကြိုးပမ်းဆောင်ရွက်သွားကြစေလို . . .**

ရှေ့ဖုံးမှအဆက်

မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကန်ကြီးထောင့်မြို့နယ်အတွင်း ရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်းအတိုင်းရရှိမှု၊ ဆီထွက်သီးနှံများ ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ တန်ဖိုးမြင့်ဆန်ဖြစ်သည့် ပေါ်ဆန်းစပါးစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် မြေနိမ့်ကော်ဖီ(ရိုဘက်စတာ)မျိုးများ စိုက်ပျိုးလျက်ရှိမှု၊ သဘာဝမြေသြဇာဖြစ်သည့် ပိုက်ဆန်လျှော်များ စိုက်ပျိုးလျက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် နိုင်ငံ့စီးပွားရေးရန်ပုံငွေများထုတ်ချေးပေးပြီး သွင်းအားစုများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသများ မီးလင်းရေးအတွက် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့မိမြို့ဖများက နိုင်ငံတော်အကြီးအကဲအနေဖြင့် ရေဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမှုများအတွက် ဒေသခံပြည်သူများအနေဖြင့် ကျေးဇူးတင်လျက်ရှိမှု၊ကန်ကြီးထောင့်မြို့ရှိပြည်သူ့ဆေးရုံကြီးကို အဆင့်မြှင့်တင်ပေးစေလိုမှု၊ မြို့တော်ခန်းမ ဆောက်လုပ်ပေးစေလိုမှု၊ ကန်ကြီးထောင့်မြို့ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းရှိ နယ်ဝေးမှ ဆရာ၊ဆရာမများအတွက် အဆောင်ဆောက်ပေးစေလိုမှုနှင့် သိပ္ပံဆောင်ကို အဆင့်မြှင့်တင်ဆောက်လုပ်ပေးစေလိုမှု၊ ကန်ကြီးထောင့်မြို့ လူထုအပန်းဖြေနေရာနှင့်ရိုးရာပွဲတော်များ ကျင်းပရာနေရာဖြစ်သည့် ကမ်းသာယာကမ်းနားလမ်းနေရာ၌ ရေတိုက်စားမှုလျော့ပါးစေရေး ကမ်းထိန်းနံရံတည်ဆောက်ပေးစေလိုမှု၊ မြို့အနောက်ဘက်ရှိ မြို့လယ်- ပဒေါင်းပိုင်း- ပိတောက်ပင်ဆက်သွယ်ထားသည့်လမ်းကို ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ လဟာကလူကျေးရွာအုပ်စု၊ ဆပ်ကွင်းကျေးရွာအုပ်စု၊ ကွင်းယားအရှေ့ကျေးရွာအုပ်စု၊ ထန်းပင်ကျေးရွာအုပ်စု၊ ကျူတန်းကျေးရွာအုပ်စု၊ မိချောင်းတစ်ရာကျေးရွာအုပ်စုတို့ရှိ နွေစပါးစိုက်ဧက ၇၀၀ ခန့်ကိုအကျိုးပြုနိုင်မည့် သရက်ချောင်း-လဟာကလူ တူးမြောင်းအရှည် ၄ ဒသမ ၅ မိုင်တူးဖော်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပေးစေလိုမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက တင်ပြချက်များတွင်ပါဝင်သည့် မြို့သာယာလှပရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးနှင့် အများပြည်သူအကျိုးရှိစေမည့် အချက်အလက်များအပေါ်စိစစ်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာချာလီသန်းတို့က တင်ပြချက်များတွင်ပါဝင်သည့် သရက်ချောင်း-လဟာကလူ တူးမြောင်းတူးဖော်ခြင်းလုပ်ငန်းအပိုင်း(၁)ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပြီး အပိုင်း(၂)ကို ဦးစားပေးအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ကန်ကြီးထောင့်မြို့နယ်အတွင်း ဈေးကွက်ဝင်ပေါ်ဆန်းမွှေးစပါးကို တိုးမြှင့်စိုက်ပျိုးသွားရန် အကြံပြုတိုက်တွန်းလိုမှု၊ဒေသတွင်းစိုက်ပျိုးရေးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်သွားစေလိုမှုနှင့် သွင်းအားစုလိုအပ်ချက်များအပေါ် နိုင်ငံတော်ကလည်း စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ မြေနိမ့်ကော်ဖီ(ရိုဘက်စတာ)မျိုးကို နှစ်ရှည်သီးနှံဥယျာဉ်ခြံများအတွင်း စိုက်ပျိုးဆောင်ရွက်နိုင်ပြီး လိုအပ်သည်များကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ လယ်ယာမြေများကို ပြဋ္ဌာန်းထားသည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုရန်လိုအပ်မှု၊ ကန်ကြီးထောင့်သည် လမ်းပန်းဆက်သွယ်မှုအချက်အချာကျပြီး အုပ်ချုပ်မှုလွယ်ကူသည့် ဒေသတစ်ခုဖြစ်သဖြင့် မြေယာအသုံးချမှုများကို အကျိုးရှိရှိဖြစ်စေလိုမှုနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်ရန်လိုမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာ အတတ်ပညာများရရှိစေရေးအတွက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ကန်ကြီးထောင့်ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အဆင့်မီထုတ်လုပ်၍ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် လိုအပ်သည့်အကူအညီများကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြတောင်းခံနိုင်မှု၊ စက်မှုလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးစနစ်တကျဆောင်ရွက်သွားရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကန်ကြီးထောင့်ဒေသသို့ မိမိအနေဖြင့် ပထမဆုံးရောက်ရှိခြင်းဖြစ်ကြောင်း၊ မြို့အနေဖြင့်သန့်ရှင်းသပ်ရပ်စွာဖြင့် မြင်တွေ့ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ အစိုးရတစ်ရပ်၏တာဝန်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ခေတ္တတာဝန်ယူဆောင်ရွက်ရသည့်အစိုးရအဖွဲ့ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် စစ်ဆေးဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း၊ မိမိတို့အစိုးရအဖွဲ့ စတင်တာဝန်ထမ်းဆောင်ချိန်တွင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားလျက်ရှိသည့်အချိန်ဖြစ်ပြီး နိုင်ငံရေးအရသဘောထားမတိုက်ဆိုင်မှုများကြောင့် ပဋိပက္ခများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုကဲ့သို့ဆူပူအကြမ်းဖက်မှုများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေမှုများနှင့်ကြုံတွေ့နေရသည့်အချိန်တွင် နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်မှုမရှိဘဲ ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများလုပ်ငန်းခွင်စွန့်ခွာမှု DCS လုပ်ဆောင်မှုများကြောင့် အခက်အခဲ၊အကျပ်အတည်းများကို ကျော်လွှားခဲ့ရကြောင်း။

အလားတူ နိုင်ငံ့စီးပွားတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ မြှင့်တင်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့ စတင်တာဝန်ယူချိန်တွင် ပိတ်ဆို့မှုများအကြားမှ နိုင်ငံ့စီးပွားရေးတိုးတက်အောင် တတ်နိုင်သလောက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတွင် နေထိုင်သည့် ပြည်သူများအားလုံး၏ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်မှသာ နေထိုင်မှုအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုထက်ပိုမိုတိုးတက်လာစေရေး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ယခုထက်ပိုမို တိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ကန်ကြီးထောင့်ဒေသသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ထို့ကြောင့် ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို နိုင်ငံတစ်ဝန်းရှိ ခရိုင်များအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ထပ်မံပြီးတိုးချဲ့ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကျောင်းများမှ ဒေသကုန်ထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရပ်များ ကျွမ်းကျင်သည့်လူသားအရင်းအမြစ်များရရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များပေါ်များကြွယ်ဝစေရေးပညာရေးကဏ္ဍမြှင့်တင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် ဥပဒေသိရှိရန်နှင့်လိုက်နာရန်အရေးကြီးပြီး ဥပဒေဆိုင်ရာအသိအမြင်များကို နိုင်ငံသားတိုင်း သိရှိနားလည်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ပြင် စီးပွားရေးအသိအမြင်များကိုလည်း နိုင်ငံသားတိုင်း သိရှိနားလည်နေမည်ဆိုပါက တစ်ဦးချင်းစီမှစ၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပိုမိုအထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဥပဒေ၊ စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာများရရှိစေရေး တက္ကသိုလ်တိုင်းတွင် ဥပဒေဘွဲ့ BA(Law)၊ စီးပွားရေးဘွဲ့ BA(Eco) များအတွက် သင်ကြားပေးလျက်ရှိကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ထို့ကြောင့်အခြေခံဥပဒေတွင် အခြေခံပညာမူလတန်းကို မသင်မနေရစနစ်သတ်မှတ်ထားသော်လည်း ပညာခေတ်ကာလနှင့် ခေတ်ကာလအခြေအနေအရ မိမိတို့အစိုးရလက်ထက်တွင် အခြေခံပညာအလယ်တန်း (KG+9)ပြီးသည်ထိ နိုင်ငံသားတိုင်းပညာသင်ကြားနိုင်အောင် စီမံဆောင်ရွက်ခဲ့ကြောင်း၊ အောင်မြင်မှုများရှိခဲ့ပြီး ဆက်လက်၍ ထိရောက်ကျယ်ပြန့်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများတိုးတက်အောင် အလေးထားဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကန်ကြီးထောင့်မြို့နယ်အတွင်း ပညာတတ်များ ယခုထက်

ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အတန်းပညာရှိမှသာ အတတ်ပညာရှိမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် အဆင့်မြင့်ပညာများကိုလည်း သင်ကြားနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားတိုးတက်လာစေရေး အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့၏သားသမီးများ၏ ဘဝတိုးတက်စေရေး၊ မိမိတို့၏ဘဝထက် ပိုမိုတိုးတက်စေရေး ပညာရေးကိုအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုကို အထောက်အကူပြုစေရန်နှင့် ဆရာ၊ ဆရာမများကို မဟာဘွဲ့နှင့်အဆင့်မြင့်ပညာရပ်များ သင်ယူနိုင်ရေးအတွက် ပညာရေးဒီဂရီကောလိပ်အချို့ကို ပညာရေးတက္ကသိုလ်များအဖြစ် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာအောင်လည်း နေထိုင်စားသောက်ကြစေလိုကြောင်း။

**မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းစိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ဆုံးရှုံးရလျက်ရှိကြောင်း၊ ထို့ကြောင့် တစ်ဧကေပန်းတိုင်အထွက်နှုန်းအတိုင်း ရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊** စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြည်တွင်းပြည်ပဈေးကွက်တွင် ဝယ်လိုအားရှိသည့်သီးနှံများကို စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ကန်ကြီးထောင့်မြို့နယ်အတွင်း ပေါ်ဆန်းမွှေးစပါးစိုက်ပျိုးသည်ဟုသိရှိရပြီး ပေါ်ဆန်းမွှေးဆန်သည် တန်ဖိုးမြင့်သည့် အမျိုးအစားဖြစ်ကာ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း၊ ထို့ကြောင့် ပေါ်ဆန်းမွှေးစပါး စိုက်ပျိုးထုတ်လုပ်မှုများတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်ပြီး ကန်ကြီးထောင့်မြို့နယ်အတွင်း ဥစားကြက်၊ ငါး၊ ဘဲ၊ နွားများကိုမွေးမြူသည်ဟု သိရှိရကြောင်း၊ နွားမွေးမြူရေးကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဇီဝမြေသြဇာများကို ရရှိနိုင်ကြောင်း၊ ဒေသအတွင်း သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်ကာကွယ်နိုင်သည့် အရိပ်ရပင်များ၊ လေကာပင်များကိုလည်း စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ဒေသအတွင်း ကုန်စည်စီးဆင်းမှုများ ပိုမိုလျင်မြန်စေရေးနှင့် သွားလာမှုများပိုမိုလျင်မြန်ချောမွေ့စေရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီရက်ပိုင်းတွင်လည်း ရွေးကောက်ပွဲအပိုင်း(၂)ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆန္ဒမဲပေးရာတွင်လည်း ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူများ၊ ဒေသ၏ ပညာရေး၊ ကျန်းမာရေးများ ကောင်းမွန်တိုးတက်လာအောင်ဆောင်ရွက်ပေးရန် စိတ်ပါဝင်စားမှုရှိသူများကိုရွေးချယ်၍ ဆန္ဒမဲများပေးကြရန်လိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့ပြင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ ပုသိမ်မြို့ရှိ ပညာရေးဒီဂရီကောလိပ်သို့သွားရောက်ကြည့်ရှုစစ်ဆေးရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကောလိပ်ဆိုင်ရာအချက်အလက်များနှင့် လိုအပ်ချက်များရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကောလိပ်ရှိ ပညာရတနာခန်းမနှင့် ကောလိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ခန်းမကို အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကောလိပ်အတွင်း သန့်ရှင်းသာယာလှပရေး၊ လေဝင်လေထွက်ကောင်းမွန်ပြီး ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် ပတ်ဝန်းကျင်ဖြစ်စေရေးအတွက် သစ်ပင်ကြီးများကို အောက်ခြေရှင်းအလင်းဖွင့်ခြင်းများဆောင်ရွက်သွားရန်နှင့် သန့်ရှင်းရေးလုပ်ငန်းများစနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများကိုလည်း လိုအပ်သည့်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်၍ အကျိုးရှိရှိအသုံးချသွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကောလိပ်စာကြည့်တိုက်သို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စာကြည့်တိုက်အတွင်း စာအုပ်စာပေများ အမျိုးအစားစုံလင်စွာဖြည့်တင်းထားရှိရန်လိုကြောင်း၊ အထူးသဖြင့် သင်ကြားရေးအထောက်အကူပြုစာအုပ်များထားရှိပါက သင်တန်းသားများအတွက် ပိုမိုအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ စာအုပ်စင်များ၊ ဗီရိုများစနစ်တကျဖြစ်ရန်နှင့် စာအုပ်စာပေများကိုလည်း စနစ်တကျထိန်းသိမ်းကိုင်တွယ်အသုံးပြုကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စာကြည့်တိုက်စနစ်တကျဖြစ်စေရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ (မ၀၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ရှိ ပညာရေးဒီဂရီကောလိပ် ပညာရတနာခန်းမအတွင်း ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပညာရေး ဒီဂရီကောလိပ် စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသောစာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခုအောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ်(RC)အဆောက်အအုံ တည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက်စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့အသုံးအဆောင်ပစ္စည်းများခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ဓာတ်ပုံ၊လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့်စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့်စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့်ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကိုလှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁-၂၂ လမ်းကြား ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

**(သတင်းစဉ်)**

☆ ကျောဖုံးမှအဆက်

ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုး၊ ဗမာတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ကရင်၊ ချင်းနှင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၇၈ နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၇၈ နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ်ဂုဏ်ပြုစကားပြောကြားသည်။ ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၇၈ နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် MRTV DTH စလောင်းအစုံ ၃၀ နှင့် DVB T2 Set Top Box အလုံး ၂၀ ကို ပြည်နယ်အစိုးရအဖွဲ့ထံ








လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်မိသားစုများအတွက် MRTV DTH စလောင်းအစုံ ၃၀ နှင့် DVB T2 Set Top Box အလုံး ၂၀ ကို လှူဒါန်းရာ တိုင်းမှူးကလည်းကောင်း လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးတော်ဆောင်အဖွဲ့ (PCG)၊ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ်၊ ပင်လုံညီလာခံတွင် လက်မှတ်ရေးထိုးခဲ့ကြသည့် မိသားစုဝင်များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားမျိုးနွယ်စုဝင်များနှင့်မနောအက ဦးဆောင်သည့် နောင်ရှောင်ဆရာကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မနောကွင်း၌ ကျင်းပသည့် ၇၈ နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောပွဲတော်ဖွင့်ပွဲကို ရိုးရာအစဉ်အလာနှင့်အညီ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာ၊ ကရင်၊ ရခိုင်နှင့် ချင်းတိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် မနောအက ဦးဆောင်သူ နောင်ရှောင် (Nau Shawng) များ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအားလုံးတို့၏ စည်းလုံးညီညွတ်ခြင်းကို ထုတ်ဖော်ပြသသည့် မနောအကကို ရိုးရာအစဉ်အလာနှင့်အညီ အေးချမ်းပျော်ရွှင်စွာ စုပေါင်းပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၇၈ နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသော ဒေသထွက် MSME ပြခန်းများဖြစ်သည့် စိုက်ပျိုးရေးထုတ်ကုန်ပြခန်း၊ ဒေသတွင်း မွေးမြူရေးထုတ်ကုန်ပြခန်း၊ ဒေသထွက်အသုံးအဆောင်နှင့်အသင့်စားစားသောက်ကုန်ပြခန်း၊ရိုးရာအဝတ်အထည်ထုတ်ကုန်ပြခန်း၊ တိုင်းရင်းဆေးနှင့် သစ်၊ ဝါး၊ကြိမ်ထည်ထုတ်ကုန်အသုံးအဆောင်ပြခန်း၊ပယင်းနှင့်ကျောက်မျက်အချောထည်အသုံးအဆောင်ပြခန်းတို့ကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ် ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် ၇၈ နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ၇၈ နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် လုပ်ငန်းကော်မတီ ဖွဲ့စည်းပြီး ဥပဒေနှင့်အညီ စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု၊စီးပွားရေးဆိုင်ရာထူးချွန်ဆုနှင့် လူမှုရေးဆိုင်ရာထူးချွန်ဆု (ပထမဆင့်)ရရှိကြသူများကို ဂုဏ်ထူးဆောင်လက်မှတ်နှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆုရရှိကြသူများ၊ လူမှုရေးဆိုင်ရာထူးချွန်ဆုရရှိကြသူများ၊ စီးပွားရေးဆိုင်ရာထူးချွန်ဆုရရှိကြသူများ၊ အဆင့်မြင့်ပညာ၊ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ကြပြီး ဆုရရှိကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသော ၇၈ နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ ညစာအတူတကွသုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ် ကချင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ ရိုးရာအကအလှများ၊တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ကချင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

၇၈ နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် အဖွဲ့သည် ယမန်နေ့က တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမြို့သို့ ရောက်ရှိခဲ့ကြခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များက လေဆိပ်၌ ရင်းနှီးပျူငှာစွာကြိုဆိုကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် အဖွဲ့ဝင်များကို ကချင်ရိုးရာအင်္ကျီ၊ ရိုးရာဆောင်ဓား၊ ရိုးရာလွယ်အိတ်နှင့် ခေါင်းပေါင်းတို့ကို ဂါရဝပြုပေးအပ်ခဲ့သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီး ခြောက်ရက်အကြာ ဇန်နဝါရီ ၁၀ ရက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော သမ္မတ စဝ်ရွှေသိုက်ကိုယ်တိုင် တက်ရောက်၍ ကချင်ပြည်နယ်ကောင်စီ ညီလာခံကို မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ ကျင်းပကာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည့်အပြင် ထိုသို့ဖွဲ့စည်းခဲ့သည့် ဇန်နဝါရီ ၁၀ ရက်ကို ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် ၇၈ နှစ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မြစ်ကြီးနားမြို့ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့ ကချင်ပြည်နယ် သမဝါယမ ဦးစီးဌာန ဆွတ်ဂျာအိန်ခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ၊ အသင်းအမှုဆောင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သမဝါယမအသင်းများ ဖွဲ့စည်းပေးခြင်း သာမက ကုန်ထုတ်ကုန်သွယ်လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မျိုး၊ မြေ၊ ရေ၊ နည်းလေးချက်အတိုင်း စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ပါက ပန်းတိုင်ရည်မှန်းချက် ပြည့်မီပြီး သီးနှံများဖြစ်ထွန်းအောင်မြင်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် မြစိမ်းရောင်စီမံကိန်း၊ သမဝါယမဦးစီးဌာနတွင် သက်တံရောင်စီမံကိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဝင်ငွေတိုး စီမံကိန်းများဖြင့် ပြည်သူများ အရင်းအနှီးရရှိအောင် ဆောင်ရွက်ပေးနေကြောင်း၊ သတ်မှတ်သီးနှံ ၁၃ မျိုးတွင် သီးနှံထွက်နှုန်း ပန်းတိုင်ရည်မှန်းချက် ရောက်ရန်လိုအပ်ကြောင်း၊ ဦးစီးဌာန လေးဌာနမှ ဝန်ထမ်းများ သက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်ရန်နှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲသို့ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေးနှင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ၊ အသင်းအမှုဆောင်များ တက်ရောက်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ပြည်နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော မန်ခိန်ရပ်ကွက်အတွင်းရှိ "ဖြိုးဝေဝေ" စက္ကူနှင့် စာအုပ်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်နှင့် မြို့သစ်ကြီး(ဂျာမိုင်ကောင်း) ရပ်ကွက်အတွင်းရှိ "ခရူး" စက်မှုလက်မှုရက်ကန်း ကုန်ထုတ်သမဝါယမအသင်းလီမိတက်တို့ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားတက္ကသိုလ်နှင့် မိုးညှင်းတက္ကသိုလ်တို့ရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မြစ်ကြီးနားတက္ကသိုလ်နှင့် မိုးညှင်းတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ အစဉ်အမြဲ သန့်ရှင်းသာယာ လှပနေစေရန်အတွက် ကော်မတီဖွဲ့စည်းပြီး ပါမောက္ခချုပ်ဦးဆောင်၍ တက္ကသိုလ်သန့်ရှင်းသာယာရေးဇုန်များခွဲကာ ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာနှင့် ပတ်သက်၍ တက္ကသိုလ်အသီးသီး၏ ပညာရပ်များသည် ဘာသာရပ်ပေါင်းစုံ ပါဝင်လျက်ရှိကြောင်း၊ ဘာသာရပ်များအနေဖြင့် စာကြည့်တိုက်အခြေပြု သင်ကြားသင်ယူမှုဖြစ်စေရေးနှင့် သုတေသနကိုအခြေခံသည့် သင်ကြားသင်ယူမှုဖြစ်စေရေးအတွက် ပါမောက္ခများ၊ ဆရာ၊ ဆရာမများ အတူတကွ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊လာမည့် ပညာသင်နှစ်တွင် မိမိတို့တက္ကသိုလ်၌ နိုင်ငံတကာစာတမ်းဖတ်ပွဲ လက်ခံကျင်းပနိုင်ရေးအတွက် သင်ကြားရေးဌာနများနှင့် စီမံဌာနများက ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်ကြရန်၊ တက္ကသိုလ်အားကစားပြိုင်ပွဲများမှတစ်ဆင့် ထူးချွန်သည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအလေးထားဆောင်ရွက်ကြရန်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယဉ်ကျေးမှုနှင့် လျော်ညီသည့် အဝတ်အစားများကို ဝတ်စားဆင်ယင်ကြရန် လိုအပ်ကြောင်း ပြောကြားပြီး ဆရာ၊ ဆရာမများ၏ မေးမြန်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးဖြေကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များ၊ အားကစားခန်းမနှင့် အားကစားကွင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ငွေပေးချေမှုစနစ် ကြီးကြပ်မှုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံ၏ ငွေပေးချေရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မဟာဗျူဟာအဆင့်တွင် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းထားသည့် နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ (၁/၂၀၂၆) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်) ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ပမာဏကြီးမားသော ငွေပေးချေမှုများ၊ ကတ်ပေးချေမှုများနှင့် လက်လီငွေပေးချေမှုများအတွက် CBM-NET System၊ MPU နှင့် MyanmarPay (MMQR) စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုများ ပိုမိုသုံးစွဲရေးနှင့် သုံးစွဲမှုလွယ်ကူမြန်ဆန်စေရန်အတွက် ငွေပေးချေခြင်းဝန်ဆောင်မှုလုပ်ငန်းများကိုလည်း စနစ်တကျ စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ လိုအပ်သည့် စည်းမျဉ်း၊ ညွှန်ကြားချက်များ ချမှတ်အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း။

e-Government စနစ် အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်များနှင့် ဒစ်ဂျစ်တယ်စီးပွားရေးကော်မတီက ချမှတ်ထားသည့် မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ပါ မဟာဗျူဟာပန်းတိုင်များနှင့် ဟန်ချက်ညီချိတ်ဆက်ပြီး အမျိုးသားငွေပေးချေမှု မဟာဗျူဟာ (၂၀၂၆-၂၀၃၀) ရေးဆွဲနိုင်ရေးကို ဆွေးနွေးပြီး အာဆီယံဒေသတွင်းနိုင်ငံများနှင့် ချိတ်ဆက်ပေးချေ ဆောင်ရွက်နိုင်ရေး၊ အစိုးရငွေပေးချေမှုများကို အီလက်ထရောနစ် နည်းလမ်းများဖြင့် ဖြစ်နိုင်သမျှပြောင်းရွှေ့နိုင်ရေး၊e -Commerce Platform များနှင့် ငွေပေးချေမှုများ ချိတ်ဆက်ဆောင်ရွက်မှုကို စောင့်ကြည့်နိုင်ရေးနှင့် အခွန်အခများ သတ်မှတ်ချက်နှင့်အညီ ရရှိနိုင်ရေး၊ငွေသားသုံးစွဲမှုလျှော့ချပြီး ဒစ်ဂျစ်တယ်ငွေပေးချေမှုဝန်ဆောင်မှုများ ပိုမိုဆောင်ရွက်နိုင်ရေး၊ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်နေခြင်းများကို ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲနိုင်ရေးကိစ္စရပ်များ ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါကြောင်း။

ဆက်လက်၍ ငွေကြေးခဝါချမှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများ တားဆီးကာကွယ်နိုင်ရန်အတွက် ဘဏ်စာရင်းများ၊ မိုဘိုင်းငွေကြေးစာရင်းများ၏ အချက်အလက်မှန်ကန်မှုအတွက် e-KYC VMS စနစ်တည်ဆောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်နေသည့် e-ID စနစ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် SIM-Registration စနစ်တို့ဖြင့် တိုက်ရိုက်ချိတ်ဆက်၍ စိစစ်နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်ငွေပေးချေမှုစနစ် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်ကိုယ်စားလှယ်များက မိမိတို့၏ဌာနအလိုက် ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲအသုံးပြုမှုများ၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်နှင့် ချိတ်ဆက်ဆောင်ရွက်နေသောလုပ်ငန်းများတွင် ပိုမိုပါဝင်လာနိုင်စေရေးပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ၊ အမျိုးသားငွေပေးချေမှုစနစ်မဟာဗျူဟာ (၂၀၂၆-၂၀၃၀) ရေးဆွဲရာတွင် ဝန်ကြီးဌာန၊ ဦးစီးဌာနအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် ရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှုစစ်ဆေး

**မန္တလေး ဇန်နဝါရီ ၁၀**

မဟာမုနိရုပ်ရှင်တော် ရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် အတွင်းရေးမှူးတို့ လိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ရွှေစင်ရွှေသားအတိ မဟာမုနိရုပ်ပွားတော်မြတ် နှစ်ဆူ တည်ထားကိုးကွယ် အပူဇော်ခံထားရှိ



သွားရန်နေရာ၊ မဟာမုနိရုပ်ရှင်တော် ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲမဟာမင်္ဂလာ အခမ်းအနားအတွက် တည်ဆောက်မည့်နေရာ၊ မင်္ဂလာမဏ္ဍပ် ဘုရားကြီး ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများနှင့် ဂန္ဓကုဋီတိုက်ရှိ ခုံများ တည်ဆောက်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းများ အမြန်ဆုံးပြီးစီးရန် အလေးထားကာ စနစ်တကျကြပ်မတ် ဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီး လိုအပ်သည်များ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

❑ **ရေဝင်နစ်မြုပ်မှုမှ**

သတင်းပေးပို့မှုအရ ပင်လယ်ပြင်အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်တစ်စီးနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ ရေယာဉ် တစ်စီးတို့သည် ဇောတိကရေနံစင်၏ အထောက်အကူပြုရေယာဉ်များနှင့် ပူးပေါင်းပြီး သွားရောက်၍ ကူညီကယ်ဆယ်မှုများ ဆောင်ရွက်ခဲ့ရာ အဆိုပါလှေပေါ်၌ လိုက်ပါလာသူများအနက် ၈၆ ဦးတို့ကို စစ်ရေယာဉ်ပေါ်သို့ ကူညီကယ်ဆယ်နိုင်ခဲ့ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရေဝင်နစ်မြုပ်ခဲ့သည့် လှေပေါ်မှ ကူညီကယ်ဆယ်ထားရှိသူများကို သက်ဆိုင်ရာသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပို့ဆောင်နိုင်ရေး တာဝန်ရှိသူများက လိုအပ်သည့် စိစစ်ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကောင်းမွန်စွာ စနစ်တကျစောင့်ရှောက်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (၅၀၁)



မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စီးပေါ်တွင် လိုက်ပါလာသူများကို တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးဆောင်ရွက်စဉ်။



မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စီးပေါ်တွင် လိုက်ပါလာသူများကို တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ပေးစဉ်။



မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စီးပေါ်တွင် လိုက်ပါလာသူများကို တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

---

# ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါး ဧက ၈၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်



**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါး ၂၅၆၈၉၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်ထိ နွေစပါး ဧက ၈၀၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးအတွင်း လျာထားဧကရောက်ရှိသည်ထိ နွေစပါးများကို စိုက်ပျိုးသွားမည်ဖြစ်ပြီး စပါးစိုက်တောင်သူများသည် အထွက်ကောင်းမျိုးများဖြစ်သော ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ အောင်နိုင်တိုး၊ Gw-11 ၊ စူပါနံ့ကောက်၊ မော်ဘီ-၃၊ ဆဖိုးသာ(ဗီယက်နမ်မျိုး)နှင့် ကောက်ညှင်းစသည့် မျိုးကောင်းစပါးများကို စိုက်ပျိုးလျက်ရှိကာ ရက် ၉၀ နွေစပါးကို အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ခရိုင် ကိုးခုရှိပြီး အလုံခရိုင်မှလွဲ၍ အခြား ခရိုင် ရှစ်ခုရှိ မြို့နယ်များတွင် နွေစပါးများ စိုက်ပျိုးကြကာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူများကို မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စိုက်ပျိုးနည်းစနစ် အပင်ပြုစုခြင်း၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးလုပ်ငန်းများကို ရာသီအလိုက်၊ သီးနှံအလိုက် ပညာပေးလုပ်ငန်းများ အပါအဝင် ပန်းတိုင်အထွက်နှုန်း ရရှိရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တောင်သူများအတွက် တစ်ဧက အထွက်နှုန်း တိုးတက်စေရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန် အသိပညာပေးလုပ်ငန်းများအပြင် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသခြင်း၊ စံကွက်ရိတ်သိမ်းခြင်းနှင့် ထောက်ပံ့မှုများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး တောင်သူများအတွက် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစု ယူရီးယားဓာတ်မြေဩဇာ ၄၈၄၈ တန်ကို နွေစပါးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအတွက် ဖြန့်ဖြူးဆောင်ရွက်ထားကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း ယမန်နှစ် နွေစပါးရာသီက စိုက်ပျိုးရန် ဧက ၂၅၀၀၀၀ ကျော် လျာထားခဲ့သော်လည်း လျာထားဧကကျော်လွန်၍ ဧက ၂၆၀၀၀၀ကျော်စိုက်ပျိုးနိုင်ခဲ့ကာ ယခုနှစ် နွေစပါးရာသီ၌လည်း လျာထားဧက ကျော်လွန်စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနားတက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်အဖွဲ့များ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၁၀**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနား တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်အဖွဲ့များနှင့် အုပ်ချုပ်သူများကို သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန် (ငြိမ်း)၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများက တည်းခိုရာစုရပ်၌ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လူငယ်အဖွဲ့များကို လူငယ်ငြိမ်းချမ်းရေးဖိုရမ် အစီအစဉ်များ၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တည်းခိုနေထိုင် စားသောက်ရေးအဆင်ပြေစေရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကလေးဝမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၈ ကီလိုကျော် ဖမ်းဆီးရမိ




ကျော်ဇင်လင်း(ခ)မောင်ကောင်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက် ညနေ ၅ နာရီခွဲတွင် ကလေးဝမြို့နယ် ကလေးဝ-မော်လိုက်သွားကားလမ်း နန်းမော်ကယ်ကျေးရွာအနီးတွင် မော်လိုက်မြို့နယ် နန်းခမ်းပါတ်သစ်တောကြိုးဝိုင်း ပျဉ်းစိုက်ခင်းနေ ကျော်ဇင်လင်း(ခ)မောင်ကောင်း ၂၆ နှစ် မောင်းနှင်လာသော TNI-4 2N-xxxx FORLAND မော်တော်ယာဉ်အား သတင်းအရ ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၃၈ ဒသမ ၅ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၉၂၅ ဘီလီယံ)အား ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ဘိန်းဖြူများ သယ်ဆောင်ခိုင်းသူမှာ တမူးမြို့နယ် ခမ်းပတ်မြို့နေ ဖိုးကျော်(ဖမ်းဆီးရန်ကျန်)နှင့် ပူးပေါင်းပါဝင်သူ ဖိုးသား(ဖမ်းဆီးရန်ကျန်)တို့ဖြစ်ပြီး ကလေးဝမြို့နယ်မှ ခမ်းပတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)

## ထူးခြားသည့် ညအပူချိန်များ ( ၁၀ - ၁ - ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| နမ့်စန် | ၂ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | တီးတိန် | ၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ပူတာအို | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | သီပေါ | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | လားရှိုး | ၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# မိုင်းယောင်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက နယ်မြေခံတပ်ဌာနချုပ် တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ကုန်းတွင်းမုန်တိုင်းငယ် အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ သီရိလင်္ကာနိုင်ငံမြောက်ပိုင်းကမ်းခြေကို ထရီကိုမာလီမြို့နှင့် ဂျက်ဖ်နာမြို့တို့အကြားမှ ဖြတ်ကျော်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)သည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညှင်းစွာရွေ့လျားခဲ့ပြီး သီရိလင်္ကာနိုင်ငံမြောက်ပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




## ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၀၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ရပ်စောက်မြို့၌ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ ဇော်ဂျီရပ်ကွက် မဲရုံအမှတ်(၁) မြို့ဦး(၁)ကျေးရွာ၊ မဲရုံအမှတ်(၈) ထီးခမ်းကျေးရွာ၊ မဲရုံအမှတ်(၇)နှင့် ပင်ဖြစ်စံကျေးရွာ၊ မဲရုံအမှတ်(၆)တို့ကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကသွားရောက်၍ မဲရုံကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မော်ဘီမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် အင်းလျက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဖန်ခါးကုန်းကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူဦးရေ ၁၂၀တို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို မော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ အဆိုပါ ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအုပ်စု တပ်မတော်အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)ရှိ ဒေသခံပြည်သူ ၁၅၂ ဦးတို့ကို အဆိုပါအိမ်ရာရှိဓမ္မာရုံ၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သွားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အခြေခံပညာကျောင်းများနှင့် ဈေးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်အပါအဝင် မြို့နယ် ခြောက်မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့ရှိ ဈေးများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများ ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တောင်အာဖရိကနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းတစ်လျှောက်တွင် တောမီးကြောင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး လမ်းများပိတ်ထားရ



**ကိပ်တောင်း ဇန်နဝါရီ ၁၀**

တောင်အာဖရိကနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းတစ်လျှောက်တွင် ဇန်နဝါရီ ၉ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ယနေ့တွင် လူနေရပ်ကွက်များသို့ကူးစက်လာသဖြင့် ဒေသခံများဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး လမ်းများပိတ်ထားခဲ့ရကြောင်း ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ တောင်ပိုင်းအပါအဝင် အရှေ့ပိုင်းနှင့် အနောက်ပိုင်း ပြည်နယ်များတွင် တောမီးလောင်ကျွမ်းနေပြီး တောမီးကြောင့် နိုင်ငံ၏တောင်ပိုင်းကမ်းရိုးတန်းတစ်လျှောက်နေ ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းထားရပြီး လမ်းများပိတ်ခဲ့ရသည်။

လက်ရှိ တောမီးလောင်ကျွမ်းနေသောဒေသများမှာ Zwartenbosch၊ Oyster Bay Road၊ Kromme River နှင့် Riverside ဒေသတို့ဖြစ်ပြီး အဆိုပါဒေသများမှ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပြီးဖြစ်ကြောင်း၊ Humansdorp နှင့် Jeffreys Bay အကြားရှိ N2 လမ်းကို ပိတ်ထားရကြောင်း၊ မီးလောင်ကျွမ်းမှုများကြောင့် အိမ်ခြေ ၁၀၀၀၀၀ ကျော် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယနေ့တွင် အာဏာပိုင်များက တောမီး ကူးစက်လောင်ကျွမ်းမှုကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသူများကို ကယ်ဆယ်ရေးလုပ်ငန်းများ၊ ဆေးဝါး၊ စားစရာ၊ အဝတ်အထည်နှင့် နေထိုင်ရာနေရာများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KZ**

# ဂျပန်နိုင်ငံ တိုကျိုမြို့အနောက်ပိုင်းတွင် လောင်ကျွမ်းနေသော တောမီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ

**တိုကျို ဇန်နဝါရီ ၁၀**

ဂျပန်နိုင်ငံ တိုကျိုမြို့အနောက်ပိုင်းတွင် ဇန်နဝါရီ ၉ ရက်မှ စတင်၍ တောမီးကူးစက်လောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း ဂျပန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် အူဂီယာမာတောင်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် Japanese Self-Defense Force က ဦးဆောင်ကာ တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြောင်း၊ တောင်ပေါ်တွင် စတင်လောင်ကျွမ်းခဲ့သည့် တောမီးဖြစ်သည့်အတွက် တောမီးကိုငြိမ်းသတ်ရာတွင် ကန့်သတ်ချက်များရှိနေကြောင်း၊ ထို့ကြောင့် လေကြောင်းအကူအညီကို ရယူထားကြောင်း Japanese Self-Defense Force က ထုတ်ပြန်ခဲ့သည်။

"အူဂီယာမာတောင်ကနေ စတင်ပြီးတော့ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပါတယ်။ တောမီးဟာ တိုကျိုမြို့အနောက်ဘက်ပိုင်းကို ကူးစက်လောင်ကျွမ်းနေပြီး တောမီးကိုအမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် ကြိုးစားပေးနေပါတယ်။ တောမီးကို လူနေအိမ်တွေဆီ ကူးစက်လောင်ကျွမ်းမှု မရှိစေဖို့အတွက် လူအင်အားသုံးထားပါတယ်။ မြေပြင်ကနေ ငြိမ်းသတ်ဖို့အတွက် ကန့်သတ်ချက်တွေရှိနေလို့ လေကြောင်းအကူအညီကို ရယူထားပါတယ်" ဟု Japanese Self-Defense Force မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် မြေပြိုမှုကြောင့် ဒေသခံတစ်ဦးသေဆုံးပြီး ပျောက်ဆုံးနေသူ ၃၄ ဦးထက်မနည်းရှိနေ

**မနီလာ ဇန်နဝါရီ ၁၀**

ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ဇန်နဝါရီ ၉ ရက်က မြေပြိုမှုကြောင့် ဒေသခံတစ်ဦး သေဆုံးပြီး ပျောက်ဆုံးနေသူ ၃၄ ဦးထက်မနည်းရှိနေကြောင်း ဖိလစ်ပိုင်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

မြေပြိုကျမှုသည် ဘင်နာလီသတ္တုမိုင်းတွင်း လုပ်ကွက်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး လုပ်သား ၁၀၀ ကျော် လုပ်ငန်းတာဝန်ထမ်းဆောင်လျက်ရှိနေကြောင်း၊ အများစုမှာ အချိန်မီ ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ခဲ့သော်လည်း သေဆုံးသူ တစ်ဦးနှင့် ပျောက်ဆုံးနေသူများမှာ ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ခဲ့ခြင်းမရှိကြောင်း၊ ပျောက်ဆုံးနေသူများကို ရှာဖွေရေးအတွက် ကယ်ဆယ်ရေး ဝန်ထမ်းအင်အား အမြောက်အမြား သုံးစွဲထားကြောင်း သိရသည်။

"စီဘူးမြို့အနီးမှာရှိတဲ့ ဘင်နာလီသတ္တုမိုင်းတွင်းမှာ မြေပြိုမှု ဖြစ်ပေါ်ခဲ့ပါတယ်။ မြေပြိုမှုကြောင့် လူတစ်ယောက် သေဆုံးပြီး ပျောက်ဆုံးနေသူ ၃၄ ယောက်ထက်မနည်း ရှိနေပါတယ်။



ပျောက်ဆုံးနေသူတွေကို အမြန်ဆုံး ကယ်ထုတ်နိုင်ဖို့အတွက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ သေဆုံးသူနဲ့ ပျောက်ဆုံးနေသူတွေရဲ့ မိသားစုဝင်တွေကိုလဲ မြို့တော်ဝန်ရုံးက ပံ့ပိုးမှုတွေ ပြုလုပ်ပေးနေပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းအင်အား အမြောက်အမြားနဲ့ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာလဲ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ပေးနေပါတယ်" ဟု ဖိလစ်ပိုင်ရဲတပ်ဖွဲ့မှ ဗိုလ်မှူးချုပ် ရိုဒီရစ်ခ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်းတွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း သတိပေးချက်ထုတ်ပြန်

**ကင်ဘာရာ ဇန်နဝါရီ ၁၀**

ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း ကမ်းရိုးတန်းသို့ အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း ချဉ်းကပ်လာသဖြင့် အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

လက်ရှိ အဆိုပါဆိုင်ကလုန်းမုန်တိုင်းကို အမည်မပေးရသေးကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်းကြောင့် လေပြင်းမုန်တိုင်းများ တိုက်ခတ်မှု၊ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သဖြင့် ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း ကမ်းရိုးတန်းနေ ဒေသခံဦးရေ ၂၀၀၀၀ ကျော်ကို ကြိုတင်ပြင်ဆင်ထားရန်နှင့် ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းထားရန် သတိပေးထားကြောင်း သိရသည်။

နိုင်ငံမိုးလေဝသဗျူရို (BoM) ၏ထုတ်ပြန်ချက်အရ အပူပိုင်းမုန်တိုင်းသည် ဇန်နဝါရီ ၁၁ ရက်တွင် ကွင်းစလန်းပြည်နယ်၏ အရှေ့မြောက်ကမ်းရိုးတန်းသို့ ဝင်ရောက်နိုင်ကြောင်း၊ ထို့ပြင် လူဦးရေ ၂၃၀၀၀ ခန့် နေထိုင်သော တောင်းစ်ဗီးလ်မြို့နှင့် အပန်းဖြေကျွန်းများတွင်လည်း ဆိုင်ကလုန်းမုန်တိုင်း သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်စဉ် လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ ထိ ရှိနိုင်ကြောင်း၊ လေပြင်းတိုက်ခတ်မှုနှင့်အတူ ရုတ်တရက်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပါက အရေးပေါ်ကယ်ဆယ်ရေးလှေများအပြင် ရဲများ၊ မီးသတ်တပ်ဖွဲ့များနှင့် ပြည်နယ်အရေးပေါ် ဝန်ဆောင်မှုဝန်ထမ်းများကို အသင့်အနေအထားပြင်ဆင်ထားပြီး ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ရန် ထိုဒေသများတွင် ကြိုတင်နေရာချထားပြီးဖြစ်ကြောင်း ကွင်းစလန်းပြည်နယ်ဝန်ကြီးချုပ် ဒေးဗစ်ခရစ်ဆာဖူလီက ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : KZ**

# ဂရိအစိုးရက တောမီးအန္တရာယ်ထိန်းချုပ်ရေးစီမံချက်များအတွက် ဆောင်ရွက်မည့် ဘတ်ဂျက်ငွေခွင့်ပြု

**အေသင် ဇန်နဝါရီ ၁၀**

ဂရိနိုင်ငံအစိုးရသည် နှစ်စဉ် ရင်ဆိုင်နေရသည့်တောမီးအန္တရာယ်ကိုထိန်းချုပ်နိုင်ရေးအတွက်တောမီးအန္တရာယ်ထိန်းချုပ်ရေး စီမံချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဂရိအစိုးရက ဘတ်ဂျက်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ပါက အချိန်မီထိန်းချုပ်နိုင်ရေးကဏ္ဍတွင် ဦးစားပေး၍ ဘတ်ဂျက်သုံးစွဲသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံချက်အတွက် ငွေကြေးသုံးစွဲမှုကို Climate Crisis and Civil Protection ဝန်ကြီးဌာနက တာဝန်ယူ သုံးစွဲသွားမည်ဖြစ်ကြောင်း၊ တောမီး လောင်ကျွမ်းမှုမဖြစ်စေရန် ကြိုတင်ကာကွယ်ရေး အစီအစဉ်များ အတွက်လည်း ဘတ်ဂျက် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

"တောမီးအန္တရာယ် ထိန်းချုပ်နိုင်ရေးအတွက် စမ်းသပ်တီထွင်မှုတွေပြုလုပ်နေပါတယ်။ တောမီးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက်လဲ စီမံချက်တွေနဲ့ ဆောင်ရွက်နေပါတယ်။ စီမံချက်တွေအတွက်လဲ အစိုးရ ဘတ်ဂျက်ခွင့်ပြုပေးထားပါတယ်။ နှစ်စဉ် တောမီးလောင်ကျွမ်းမှုတွေကြောင့် စီးပွားရေးကဏ္ဍမှာ ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ရတဲ့ အခြေအနေကနေ လွတ်မြောက်ဖို့အတွက် အစိုးရကဘတ်ဂျက်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ၂၀၂၆ ခုနှစ်အတွင်း စီမံချက်တွေကို အပြီးသတ်ဆောင်ရွက်နိုင်ဖို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာလဲဖြစ်ပါတယ်" ဟုClimate Crisis and Civil Protection ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဓာတုဗေဒဘာသာရပ် သိကောင်းစရာ

ဒေါက်တာ ရဲမြင့်အောင်၊ ပါမောက္ခ (ဌာနမှူး)၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

မင်္ဂလာပါတပည့်တို့။ ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၂၆ ခုနှစ်၊ မတ်လမှာ ကျင်းပမည့် စနစ်သစ် Grade 12 တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကိုဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ မေးခွန်း(၁)စုံကို နမူနာပေး၍ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖြေဆိုမှုကို လေ့လာစေလိုပါတယ်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒမေးခွန်းပုံစံသည် ၂၀၂၄၊ ၂၀၂၅ Grade 12 တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံအတိုင်း-

Section A နဲ့ Section B ဆိုပြီး အပိုင်း ၂ ပိုင်း ပါဝင်မှာဖြစ်ပါတယ်။ Section A မှာ Objective types တွေဖြစ်တဲ့ TRUE/FALSE၊ Fill in the blanks နှင့် Multiple choice questions (MCQs) တို့ကို နံပါတ် ၁ ကနေ နံပါတ် ၃ အထိ ၁ မှတ်တန်မေးခွန်း ၁၀ ပုဒ်စီ မေးထားပါမယ်။ စုစုပေါင်း ၃၀ မှတ်ဖိုး ဖြေဆိုရပါမယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ ဓာတုဗေဒဘာသာရပ်ကို မည်မျှကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာထားတာကို စိစစ်တဲ့မေးခွန်းများဖြစ်ပြီး အခန်းအားလုံးနှင့် သက်ဆိုင်တဲ့ မေးခွန်းများဖြစ်ပါတယ်။

Section A မေးခွန်း **နံပါတ် ၁ TRUE /FALSE** (မှန်/မှား) ရွေးချယ်စေတဲ့မေးခွန်းမှာ T သို့မဟုတ် F လို့ မရေးဘဲ TRUE သို့မဟုတ် FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၂ **Fill in the blanks** ဖြေဆိုရာမှာ မေးခွန်းပြန်ကူးစရာမလိုဘဲ ကွက်လပ်တွင် ဖြည့်ရမည့်အဖြေမှန်ကိုသာ မှန်ကန်စွာရေးသားဖြေဆိုရမှာ ဖြစ်ပါတယ်။ စာလုံးပေါင်းမှန်ရမည့်အပြင် အဖြေပြည့်စုံရပါမယ်။ မေးခွန်းနံပါတ် ၃ **Multiple choice questions** (MCQs) တွင် ဖော်ပြချက် ၄ ခုမှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရမှာဖြစ်ပါတယ်။ အဖြေမှန်တစ်ခုရွေးချယ်ရာတွင် ပေးထားသော**အက္ခရာ A, B, C, D** မှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရေးပေးရန် ဖြစ်ပါတယ်။ မေးခွန်းစာသားကို ပြန်ကူးရေးရန် မလိုပါ။ အဖြေမှန်တစ်ခုထက်ပိုရေးမိလျှင် အမှတ်မရနိုင်ပါ။

Section B မေးခွန်း **နံပါတ် ၄** မှာ ၅ မှတ်တန် **Short and Medium Questions** ပုဒ်ခွဲ ၅ ပုဒ် ပါဝင်မှာဖြစ်ပါတယ်။ ပုဒ်ခွဲ ၅ ပုဒ်စလုံးကို ဖြေဆိုရမှာဖြစ်ပါတယ်။ ၅ ပုဒ်ထဲက အခန်း(၇) **Environmental Chemistry** ကို ပုဒ်ခွဲတစ်ခုမှာ **OR** ခံမေးမှာဖြစ်ပါတယ်။ ဒါကြောင့် ၃၀ မှတ်ဖိုးထဲမှ ၂၅ မှတ်ဖိုးဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅၊ ၆၊ ၇ မှာ ၅ မှတ်တန် **Structured၊ Short and Medium Questions** သုံးပုဒ်စီမေးမှာဖြစ်ပါတယ်။ မေးခွန်း**နံပါတ် ၅** မှာတော့ **Physical Chemistry** အပိုင်းကို **OR** ခံမေးမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်ပါတယ်။ မေးခွန်း **နံပါတ် ၆** ၏ ပုဒ်ခွဲတစ်ပုဒ်မှာ **Organic Chemistry** အပိုင်းကို **OR** ခံ မေးမှာဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်း**နံပါတ်** ပုဒ်ခွဲတစ်ခုသည် **Inorganic Chemistry** အပိုင်းကို **OR** ခံ မေးထားခြင်းဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုးဖြေရမှာဖြစ်ပါတယ်။ ဒါကြောင့် Section B မှာ စုစုပေါင်း အမှတ် ၉၀ ဖိုးမှ အမှတ် ၇၀ ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။ Section A နှင့် Section B မှာ မေးတဲ့ မေးခွန်းအားလုံးဟာ အခန်းတိုင်းနဲ့ သက်ဆိုင်တာဖြစ်လို့ အခန်း ၈ ခန်းလုံးကို သေသေချာချာ ဖတ်ရှုလေ့လာထားစေလိုပါတယ်။

**MATRICULATION EXAMINATION**

**DEPARTMENT OF MYANMAR EXAMINATIONS**

**CHEMISTRY** **Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN THE ANSWER IN THE ANSWER BOOKLET**

**The symbols in this paper have their usual significance**

**SECTION (A)**

**(Answer ALL questions)**

**1. Write TRUE or FALSE for each of the following statements. (10 marks)**

(a) Condensation polymers often have higher molecular masses than addition polymers.

(b) The formation of the product is favoured by high temperature in an endothermic reaction.

(c) The octet rule does not apply to *d*-block elements.

(d) When heat is transferred to a system at constant pressure, the enthalpy of the system decreases.

(e) The rate of a reaction depends on the enthalpy of the reaction.

(f) Light atoms vibrate at higher frequencies than heavy atoms.

(g) Volatile organic compounds lead to the formation of smog.

(h) In water molecules, hydrogens are partially positive and oxygen is partially negative.

(i) The colours of all 3*d* transition elements are silvery -white.

(j) A radionuclide is an atom with an unstable nucleus which has excessive energy.

**2. Fill in the blanks with the correct word(s), notation(s), terms(s), unit(s), etc., as necessary. (10 marks)**

(a) The enthalpy changes for the combustion reactions are always _____.

(b) Ethanol is oxidised by atmospheric oxygen in the presence of _____.

(c) Prolonged exposure to radon gas can cause _____.

(d) If the $K_{eq}$ value is _____, the equilibrium lies to the left.

(e) For a gaseous reaction, the rate of a reaction may be expressed in the unit, _____.

(f) _____ forces exist between the layers of carbon atoms in graphite.

(g) Titanium(IV) chloride is used for the manufacturing of high-density _____ in industries.

(h) In general, the ions of transition elements have an electronic configuration of _____.

(i) Acids and bases differ greatly based on their _____.

(j) At low temperature, additional polymers lose plasticity and elasticity and become _____.

**3. Choose the best answer for each question given in the following. (10 marks)**

(a) Amino acids are connected in a chain by what type of bond?
A. Covalent B. Ionic C. Metallic D. Hydrogen

(b) In nature, the most stable form of carbon is _____.
A. diamond B. graphene C. graphite D. coal

(c) Which of the following pairs has the same molecular geometry?
A. $CH_4$ and $SF_4$ B. $NH_4^+$ and $SF_4$ C. $CH_4$ and $NH_4^+$ D. None of these

(d) When two electrons are in the same orbital, which property must be different for them to comply with Pauli's exclusion principle?
A. Mass B. Spin C. Charge D. Energy

(e) Which one of the following substances acts as a catalyst?
A. Carbohydrates B. Lipids C. Enzymes D. Nucleic acids

(f) _____ has the highest penetrating power.
A. Alpha particle B. X-ray C. Beta particle D. Gamma ray

(g) The number of unpaired electrons present in the $Cu^+$ ion is _____.
A. one B. two C. zero D. three

(h) Which element is always present in Arrhenius acid?
A. Hydrogen B. Oxygen C. Nitrogen D. None of these

(i) What is the impact of ocean acidification on marine life?
A. Enhanced coral rise B. Increased fish pollution
C. Reduced sea level rise D. Harm to shellfish and coral

(j) _____ does not affect the state of the equilibrium position.
A. Temperature B. Pressure C. Concentration D. Colour

**SECTION (B)**

**4. Answer All questions. (25 marks)**

(a) (i) Which type of molecules can accept an electron pair from a molecule bearing a lone pair of electrons? Give two examples of this type of molecule.
(ii) What does the type of chemical bonding depend on?
(iii) Name of forces that can be found in all substances.

(b) (i) How does light affect the rate of a reaction?
(ii) When 8.0 g of sodium chloride is dissolved in 40 $cm^3$ of water, the temperature falls to 20.5 °C from 22.0 °C. Calculate the energy absorbed by the solution when sodium chloride dissolves. Answer with three significant figures. (c = 4.18 J $g^{-1}$ $°C^{-1}$, Na = 23, Cl = 35.5)
(iii) What are the units of the rate of reaction?

(c) (i) In the reaction, $2\,A(aq) \rightarrow 4B(aq) + C(aq)$, the decomposition of compound A at 300 K in a solution with constant volume can be followed by monitoring the concentration of A. Initially (at t = 0), the concentration of A is 2.00 mol $dm^{-3}$, and after 120 s, it is reduced to 1.76 mol $dm^{-3}$. Calculate the rate of the reaction.
(ii) Classify each equilibrium system as either homogeneous or heterogeneous. Give reasons.
(A) $2Hg(l) + O_2(g) \rightleftharpoons 2HgO(s)$ (B) $2\,HF(g) \rightleftharpoons H_2(g) + F_2(g)$

(d) (i) Give the long forms of the following recycling symbols that are mentioned on plastic products. PETE/PET, HDPE, PP
(ii) How are the biodegradable plastics made?
(iii) What gas is produced during the combustion of PVC?

(e) (i) What are the sources of excess nitrogen and phosphorus in the ecosystem?
(ii) Define the term "Green technology."
(iii) How do the persistent organic pollutants harm the environment?

OR

(e) (i) Which fissile heavy atoms are used as fuels instead of fossil fuel in a nuclear reactor?
(ii) Give the uses of caesium-137 radionuclide.
(iii) What are the advantages of using plant-based insecticidal soap?

**5. Answer All questions. (15 marks)**

(a) (i) Why are the divalent ions of $Co^{2+}$, $Ni^{2+}$, $Cu^{2+}$ and $Zn^{2+}$ poor reducing agents?
(ii) What is meant by ferromagnetic? Give three examples of ferromagnetic substances.
(iii) Name the transition metal catalyst that is used for the Contact process.

(b) (i) Which spectroscopy is used to identify the functional groups of organic compounds?
(ii) How do you tell if a compound is an aldehyde or a ketone by using Fehling's test?
(iii) Sketch the structure of 2, 4-DNP.

(c) (i) Describe the acid-base properties of water in the BrØnsted-Lowry framework.
(ii) Calculate the concentration of hydroxide ions which are runoff from a coal mine with a hydrogen ion concentration of 1.2 x $10^{-4}$ mol $dm^{-3}$. Is this solution acidic, basic, or neutral?

OR

(c) (i) What are the conjugate acids for the bases, $NH_2^-$, $NH_3$, and $CH_3COO-$?
(ii) Calculate the pH of a buffer solution containing 0.10 mol of methanoic acid ($pK_a$ = 3.8) and 0.01 mol of sodium methanoate per $dm^3$.

စာမျက်နှာ ၂၅ သို့

စာမျက်နှာ ၂၄ မှအဆက်

**6. Answer All questions. (15 marks)**

(a) (i) What type of alcohol can be used to prepare propanone? Explain with the relevant equation. Describe the uses of acetone.

(ii) Give the structures of the following compounds.

(A) 3,3–dimethylbutanal (B) 4–hydroxy–2,2–dimethylbutanoic acid

OR

(a) (i) What carboxylic acids and alcohols would you use to make the following esters?

(A) butyl methanoate (B) propyl propanoate

(ii) The boiling point of ether is much lower than alcohol of similar molecular mass. Why?

(b) (i) Why can transition metal compounds form coloured ions in an aqueous solution?

(ii) What are the metallic properties of the transition elements?

(iii) Which element in the 3*d* transition series has the highest possible oxidation state?

(c) (i) How would you control the temperature to obtain more HCl in the given equilibrium?

$2Cl_2(g) + 2\,H_2O(g) \rightleftharpoons 4\,HCl(g) + O_2\,(g) \qquad \Delta H = (+)$

(ii) Hydrogen sulphide gas decomposes to form hydrogen and diatomic sulphur gaseous molecules, $S_2$, at 1405 K. The equilibrium constant for the reaction is $2.270 \times 10^{-3}$. If the concentrations of $S_2$ and $H_2S$ are 0.054 mol dm$^{-3}$ and 0.184 mol dm$^{-3}$, how much of the concentration of hydrogen gas would be produced?

**7. Answer All questions. (15 marks)**

(a) (i) Predict the shape of the $H_2O$ molecule in terms of Lewis structure, and VSEPR model. What will be the bond angle of H–O–H?

(ii) Why does graphite have a hexagonal structure?

OR

(a) (i) The molecule of $XF_3$ has a dipole moment. Is "X" a boron or phosphorus? Give a reason.

(ii) What are the requirements for the formation of hydrogen bonds between covalent molecules?

(b) (i) Using the bond enthalpy values, calculate the enthalpy change for the combustion of methane shown by the equation,

$CH_4(g) + 2O_2(g) \longrightarrow CO_2\,(g) + 2H_2O(l)$

(E (C–H) = 410 kJmol$^{-1}$, E (O=O) = 496 kJmol$^{-1}$, E (C=O) = 805 kJmol$^{-1}$, E (O–H) = 456kJmol$^{-1}$)

(ii) State Hess's law.

(c) (i) What is the repeating unit of terylene?

(ii) How do you identify the amide functional group on the IR spectrum?

(iii) Primary amines are more soluble in water than secondary and tertiary amines. Why?

************************************

အထက်ပါမေးခွန်းပုံစံကို အမှတ်ပေးစည်းမျဉ်းနှင့် ကိုက်ညီအောင် ဖြေဆိုထားသော အဖြေများသာ ဖြစ်ပါတယ်။

**ANSWER**

## SECTION (A)

**1. Each 1 mark x 10 (10 marks)**

(a) FALSE (b) TRUE (c) TRUE (d) FALSE (e) FALSE (f) TRUE (g) TRUE (h) TRUE (i) FALSE (j) TRUE

**2. Each 1 mark x 10 (10 marks)**

(a) negative/minus/$\Delta H = -$ (b) bacteria (acetobacter) (c) lung cancer

(d) small/smaller than 1/less than 1/< 1/ « 1

(e) dm$^3$ s$^{-1}$/cm$^3$ s$^{-1}$/mol s$^{-1}$/atm s$^{-1}$/mmHg s$^{-1}$ (f) Weak van der Waals

(g) polyethene/polyethylene (h) (n–1) $d^{1-10}$ (i) strengths (j) brittle

**3. Each 1 mark x 10 (10 marks)**

(a) A (b) C (c) C (d) B (e) C (f) D (g) C (h) A (i) D (j) D

## SECTION (B)

**4. Each 5 marks x 5 (25 marks)**

(a) (i) Electron–deficient molecules can accept an electron pair from a molecule bearing a lone pair electron. e.g. $BeCl_2$, $BF_3$, $AlCl_3$

(ii) Types of chemical bonding depends on the types of elements (metals or nonmetals).

(iii) London dispersion forces can be found in all substances.

(b) (i) The brighter the light, the faster is the reaction. If the intensity of light (visible or ultraviolet) is greater, the more reactant molecules gain the required energy (activation energy) and the faster the reaction speed. (or)

$H_2(g) + Cl_2(g) \longrightarrow 2HCl(g)$ slow

$H_2(g) + Cl_2(g) \xrightarrow{h\nu} 2HCl(g)$ fast

(ii) Volume of $H_2O$ = 40 cm$^3$ = 40 g

$\Delta T = T_2 - T_1 = 20.5\,°C - 22.0\,°C = -1.5\,°C$

$c = 4.18$ J g$^{-1}$ °C$^{-1}$

$q = mc\Delta T = 40\text{ g} \times 4.18\text{ J g}^{-1} \times °C^{-1} \times (-1.5\,°C) = -250.8$ J

Since $T_2 < T_1$, the energy is absorbed. The reaction is endothermic and $\Delta H$ is positive. (or) $\Delta H = +250.8$ J = + 251 J

(c) (i) $2A(aq) \longrightarrow 4B(aq) + C(aq)$

At t = 0, $[A]_0$ = 2.00 mol dm$^{-3}$, At t = 120, $[A]_t$ = 1.76 mol dm$^{-3}$

$\Delta[A] = [A]_t - [A]_0 = (1.76 - 2.00)$ mol dm$^{-3}$ = – 0.24 mol dm$^{-3}$

rate = $-\frac{1}{2} \times \frac{\Delta[A]}{\Delta t} = -\frac{1}{2} \times \left(\frac{-0.24\text{ mol dm}^{-3}}{120\text{ s}}\right) = 1.0 \times 10^{-3}$ mol dm$^{-3}$ s$^{-1}$

(ii) (A) Heterogeneous because the reactants and products of chemical equilibrium are present in more than one phase.

(B) Homogeneous because the reactants and products of chemical equilibrium are all in a single phase.

(d) (i) PETE/PET = polyethene/polyethylene terephthalate

HDPE = high density polyethylene/polyethene

PP = polypropylene/polypropene

(ii) Biodegradable plastics are made from monomers derived directly from plant materials, polylactic (PLA).

(iii) Corrosive hydrogen chloride gas/HCl gas is produced during the combustion of PVC.

(e) (i) From fertilizer runoff and from sewage cause excessive growth of algae.

(ii) Green technology is an environmentally friendly technology that builds products and systems to conserve natural resources and the environment.

(iii) Persistent organic pollutants are chemically stable, remain intact in the environment for long periods and are lipophilic in nature. Therefore, they accumulate in the fatty tissue of living organisms and reside for a longer period of time finally affecting humans and wildlife.

OR

(e) (i) The fissile heavy atoms are $^{233}U$, $^{235}U$, $^{239}Pu$.

(ii) Caesium–137 is used as a tracer in medical radiation therapy devices for treating cancer, and in industrial gauges that detect the flow of liquid through pipes.

(iii) The advantages of using plant–based insecticidal soap in that they leave no nasty residue, are non–toxic to animals and birds, and do not harm beneficial insects.

**5. Each 5 marks x 3 (15 marks)**

(a) (i) The divalent ions of $Co^{2+}$, $Ni^{2+}$, $Cu^{2+}$ and $Zn^{2+}$ are poor reducing agents because of their greater nuclear attraction force.

(ii) Substances that are attracted very strongly by the applied magnetic field. e.g. iron, cobalt, and nickel

(iii) Vanadium is used for the Contact process

(b) (i) Infrared spectroscopy/IR spectroscopy is used to identify the functional groups of organic compounds.

(ii) Fehling's solution is an alkaline solution containing copper(II) ions. When the clear blue Fehling's solution is warmed with an aldehyde, the reddish–brown precipitate is formed. However, a ketone does not give precipitate with Fehling's solution.

(iii)



(c) (i)




(or)

The acid–base conjugate pairs are (1) $H_2O$ (acid) and $OH^-$ (base) and (2) $H_3O^+$ (acid) and $H_2O$ (base).

(ii) $[H^+] = 1.2 \times 10^{-4}$ mol dm$^{-3}$ $\qquad [H^+][OH^-] = 1.0 \times 10^{-14}$

$[OH^-] = \frac{1.0\times10^{-14}}{[H^+]} = \frac{1.0\times10^{-14}}{1.2\times10^{-4}} = 8.33 \times 10^{-11}$ mol dm$^{-3}$

pH = – log[H$^+$] = – log ($1.2 \times 10^{-4}$) = 3.921

The solution is acidic.

OR

(c) (i) The corresponding conjugate acids are $NH_3$, $NH_4^+$, and $CH_3COOH$.

(ii) $HCOONa(aq) \longrightarrow Na^+(aq) + HCOO^-(aq)$

$HCOOH(aq) \rightleftharpoons H^+(aq) + HCOO^-(aq)$

[HCOOH] = 0.10 mol dm$^{-3}$

[HCOONa] = [HCOO$^-$] = 0.01 mol dm$^{-3}$

$K_a = \frac{[H^+][HCOO^-]}{[HCOOH]}$ $\qquad -\log K_a = -\log [H^+] - \log\frac{[HCOO^-]}{[HCOOH]}$

$pK_a = pH - \log\frac{[0.01]}{[0.10]}$ $\qquad pH = pK_a + \log\frac{[0.01]}{[0.10]} = 3.8 - 1 = 2.8$

**6. Each 5 marks x 3 (15 marks)**

(a) (i) Secondary alcohol can be used to prepare propanone.

$$\underset{\text{2-propanol}}{CH_3CHOHCH_3} + [O] \xrightarrow{K_2Cr_2O_7,\ H^+} \underset{\text{propanone}}{CH_3COCH_3} + H_2O$$

- **Acetone** is used as an effective solvent in many (nail polish removers, plastic cements), (resins and varnishes).

(ii) (A)



(B)



OR

စာမျက်နှာ ၂၆ သို့

စာမျက်နှာ ၂၅ မှအဆက်

(a) (i) (A) methanoic acid and butanol

$$\underset{\text{methanoic acid}}{HCOOH} + \underset{\text{butanol}}{C_4H_9OH} \xrightleftharpoons{H_2SO_4} \underset{\text{butyl methanoate}}{HCOOC_4H_9} + H_2O$$

(B) propanoic acid and propanol

$$\underset{\text{propanoic acid}}{CH_3CH_2COOH} + \underset{\text{propanol}}{C_3H_7OH} \xrightleftharpoons{H_2SO_4} \underset{\text{propyl propanoate}}{CH_3CH_2COOC_3H_7} + H_2O$$

(ii) The boiling point of ether is much lower than alcohol of similar molecular mass because of no intermolecular hydrogen bonding between ether molecules.

(b) (i) The transition metal compounds can form coloured ions in an aqueous solution due to the presence of incomplete *d* orbitals or the presence of unpaired electrons and absorb visible lights.

(ii) The metallic properties of the transition elements are: malleability, ductility, metallic lustre and high tensile strength.

(iii) The highest possible oxidation state of 3*d* transition series is Manganese (Mn).

(c) (i) $2Cl_2(g) + 2H_2O(g) \rightleftharpoons 4HCl(g) + O_2(g)$ $\Delta H = (+)$

The forward reaction is an endothermic (heat absorbing) reaction and the reverse reaction is an exothermic (heat evolving) reaction. According to Le Chatelier's principle, increasing the temperature favours the endothermic reaction. The equilibrium shifts from left to right, and more concentration of HCl will be formed and the temperature will have to be increased.

(ii) $[H_2S] = 0.184$ mol dm$^{-3}$, $[S_2] = 0.054$ mol dm$^{-3}$, $K_{eq} = 2.270 \times 10^{-3}$

$2H_2S(g) \rightleftharpoons 2H_2(g) + S_2(g)$

$$K_{eq} = \frac{[H_2]^2[S_2]}{[H_2S]^2} \qquad [H_2]^2 = \frac{K_{eq} \times [H_2S]^2}{[S_2]}$$

$$[H_2]^2 = \frac{2.270 \times 10^{-3} \times (0.184)^2}{0.054} = 0.1423 \times 10^{-2}$$

$$[H_2] = \sqrt{0.1423 \times 10^{-2}} = 0.0377 \text{ mol dm}^{-3}$$

7. Each 5 marks x 3 (15 marks)

(a) (i)




OR

It consists of 4 electron pairs around the central atom O. The geometry of electron pairs is tetrahedral. There are two lone pairs on the oxygen atom. Because of electron pair repulsion between these lone pairs and bonding pair, the shape of the molecule is bent structure or V shape. The bond angle of H-O-H is less than 109.5°.

(ii) Graphite has a layer and planar structure formed by joining each carbon atom to the other three carbon atoms by covalent bonds. Each layer is formed with hexagonal rings of carbon atoms.

(a) (i)




OR




$BF_3$ is a trigonal planar structure (symmetrical arrangement) which has no dipole moment.

$PF_3$ is a pyramidal structure because of the lone pair on the central atom. It has a dipole moment. Therefore, X is a phosphorus.

(ii) (1) the first molecule has hydrogen attached to a high electronegativity atom (F, O or N) and (2) the second molecule possesses a lone pair of electrons on a small highly electronegative atom (F, O, or N).

(b) (i)




$\Delta H$ for bond broken $= 4E(C\text{-}H) + 2(E(O{=}O))$

$= 4 \times (+410 \text{ kJ mol}^{-1}) + 2 (+496 \text{ kJ mol}^{-1}) = +2632$ kJ

$\Delta H$ for bond formed $= -2E(C{=}O) + -2(2E(O\text{-}H))$

$= (-2 \times 805 \text{ kJ mol}^{-1}) + (-4 \times 465 \text{ kJ mol}^{-1}) = -3470$ kJ

$\Delta H_c$ = enthalpy change for bond broken + enthalpy change for bond formed

$= 2632 + (-3470) = -838$ kJ mol$^{-1}$

(ii) **Hess's Law:** The enthalpy change for a chemical reaction is the same, whenever the route is taken from reactants to products.

(c) (i) Repeating unit of terylene




(ii) In amide, medium and weak peaks at about 3300 – 3500 cm$^{-1}$ would be observed for the $NH_2$ group. A strong and sharp peak at about 1650 – 1750 cm$^{-1}$ would be observed for the C=O group.

(iii) Primary amines are more soluble in water than secondary and tertiary amines because more hydrogen bonds are formed in primary amines.

*************************

ဖော်ပြပါမေးခွန်း (၁) စုံကို နမူနာပေး၍ ဖြေဆိုပြသပေးထားသည့်အတွက် စာမေးပွဲတွင် မည်ကဲ့သို့ ဖြေဆိုရမည်ဆိုတာကို နားလည်သဘောပေါက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ Grade 12 ဓာတုဗေဒ ပြဋ္ဌာန်းစာအုပ်မှ အခန်း(၈)ခန်းကို ဓာတုဗေဒဘာသာရပ်ရဲ့ အခန်း(၈)ခန်းအားလုံး၏ သဘောတရားများကို နားလည်မှု/တတ်ကျွမ်းမှု/လေ့လာ အားထုတ်မှုတို့ကို စစ်မေးထားခြင်းသာလျှင်ဖြစ်ပါတယ်။

အခန်းလိုက်ဖြေဆိုမှုကို ကြည့်ခြင်းအားဖြင့် **Chapter 1 Chemical Bonding and Intermolecular Forces** သင်ခန်းစာမှ SECTION 1.1 မှ 1.5 အထိ လေ့လာပြီး ဖြေဆိုရသော မေးခွန်းနှင့် အဖြေများသာလျှင် ဖြစ်ပါတယ်။

အက်တမ်များအကြား bond ဖြစ်ပေါ်မှုအပြင် molecular structures and shapes တွေကိုပါ သိရှိနိုင်စေရန် အချက်ကို ဖော်ပြပေးထားပြီး လေ့လာမှတ်သားထားစေလိုပါတယ်။

အဓိကသတိပြုရမှာကတော့ Lewis structure ရေးသားလျှင် unshared paired electrons တွေကို ဖြည့်ဝင်ခြင်းအတွက် molecule ရဲ့ element တိုင်းက octet rule ကိုလိုက်နာပြီး ဖြည့်ရမည်ဖြစ်ပါသည်။ ($H_2$ ကတော့ 2 electrons ပဲ share လုပ်ပါမည်။)

**Valence Shell Electron Pair Repulsion (VSEPR) theory**

VSEPR သီအိုရီအရ shape ကို ခန့်မှန်းဖို့အတွက် – molecule ရဲ့ Lewis's structure ကို ဆွဲပါ။ Central atom ကို ဝန်းရံနေတဲ့ electron pair ကို ရေတွက်ပါ။ Electron pair ရဲ့ geometry ကို ရှာဖွေပါ။ နောက်ဆုံးအဆင့်မှာ Molecular Shapes ကို ခန့်မှန်းဖော်ပြပေးနိုင်မှာဖြစ်ပါသည်။

**Table Geometry of Electron Pairs and Molecular Shapes of Different Types of Molecules**

| Type | Number of bonding pairs and lone pairs around the central atom | Geometry of electron pairs | Molecular shape | Example |
|---|---|---|---|---|
| $AX_2$ | 2, 0 | Linear |  | $BeCl_2$, $CO_2$ |
| $AX_3$ | 3, 0 | triangular planar (trigonal planar) |  | $BF_3$ |
| $AX_2E$ | 2, 1 | triangular planar (trigonal planar) |  | $SO_2$ |
| $AX_4$ | 4, 0 | tetrahedral |  | $CH_4$, $CCl_4$ |
| $AX_3E$ | 3, 1 | tetrahedral |  | $NH_3$ |
| $AX_2E_2$ | 2, 2 | tetrahedral |  | $H_2O$ |

**Note: Symbol E represents the number of lone pairs of electrons.**

**Chapter 2 Energy Changes in Chemical Reactions** မှာ–

**စွမ်းအင်ပြောင်းလဲခြင်း၏** သဘောတရားများဖြစ်သော energy transformation, Law of conservation of energy, Chemical energy နှင့်သက်ဆိုင်သည့် သဘောတရားများကို နားလည်ထားမည်ဆိုပါက ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့် မေးခွန်းတိုများကို ဖြေဆိုနိုင်မည်ဖြစ်ပါတယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ဖြစ်ပစ္စည်းများရဲ့ chemical energy ခြားနားမှုကနေ စွမ်းအင်ထုတ်လွှတ်ခြင်း၊ စုပ်ယူခြင်းစတဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာစေပါတယ်။

ပြင်ပစွမ်းအင်ပေးဖို့ မလိုအပ်သောဓာတ်ပြုခြင်း၊ ပြင်ပစွမ်းအင်ပေးမှ ဓာတ်ပြုခြင်းဖြစ်ပေါ်ခြင်း၊ ဆိုလိုတာကတော့ spontaneous နှင့် non-spontaneous reaction တို့၏သဘောတရားများ သိရှိထားကြရမယ်။

ဓာတ်ပြုခြင်းဖြစ်ပေါ်နေတဲ့ နယ်ပယ်ကို system (စနစ်)၊ ၎င်းနဲ့ထိစပ်နေတဲ့အရာကို surroundings (ဝန်းကျင်)လို့ သတ်မှတ်ပါတယ်။ Reaction ဖြစ်တဲ့နယ်ပယ် system ကနေ surroundings ဘက်သို့ အပူစီးကူးထုတ်လွှတ်ရင် exothermic reaction လို့ခေါ်ပြီး surroundings ဘက်က အပူကိုစုပ်ယူရင် တစ်နည်းအားဖြင့် အပူပေးရတဲ့ reaction တွေကို endothermic reaction လို့ သတ်မှတ်ကြောင်း သိရှိထားရမှာ ဖြစ်ပါတယ်။

**အပူပြောင်းလဲမှုကြောင့်** ဓာတ်စည်းပြတ်တောက်ခြင်း၊ ဓာတ်စည်းဖြစ်ပေါ်ခြင်းများနှင့်ဆိုင်သော ပုစ္ဆာများ ဖြေရှင်းတတ်ရန် ပုစ္ဆာ(၁)ပုဒ်ကို ဖော်ပြပေးထားမယ်၊ ထိုပုစ္ဆာမျိုး တွက်ချက်တတ်စေရန် လေ့ကျင့်ထားစေလိုပါတယ်။

Is this reaction exothermic or endothermic? $2H_2(g) + O_2(g) \rightarrow 2H_2O\ (l)$

Given: energy required to break 1 mol of O=O bonds = 496 kJ

energy required to break 1 mol of H−H bonds = 436 kJ

energy required to form 1 mol of O−H bonds = 465 kJ

ဓာတ်ပြုခြင်းများမှာ အပူပြောင်းလဲမှုနှင့်သက်ဆိုင်သော thermochemical equation များကို ရေးနိုင်ရန် လိုအပ်ပါတယ်။ **Thermochemical equation များ**

(i) $C(graphite) + O_2(g) \rightarrow CO_2(g)$ $\Delta H_f^{\theta} = -394$ kJ mol$^{-1}$

(ii) $CH_4(g) + 2O_2(g) \rightarrow CO_2(g) + 2H_2O(l)$ $\Delta H_f^{\theta} = -891$ kJ mol$^{-1}$

စာမျက်နှာ ၂၇ သို့

စာမျက်နှာ ၂၇ မှအဆက်

အခန်း (၈) ကတော့ Organic Compounds and Macromolecules ဖြစ်ပါတယ်။ ဒီအခန်းမှာ organic compounds တွေဖြစ်တဲ့ ethers, aldehydes, ketones, carboxylic acids, esters, amines နဲ့ amides တွေရဲ့ အမည်ပေးစနစ် (nomenclature) နဲ့ preparations, properties and uses တို့ကို သေချာစွာ လေ့လာသိရှိထားရမှာ ဖြစ်ပါတယ်။ Ethanol မှ အစပြု၍ organic reactions အားလုံးအတွက် summary ကို ဖော်ပြပေးထားပါတယ်။ အော်ဂဲနစ် ဒြပ်ပေါင်း တစ်ခုချင်းစီအတွက် organic reactions များကို အကြိမ်ကြိမ်ရေးသားလေ့ကျင့်ကြပါလို့ တိုက်တွန်းပါတယ်။ စာမေးပွဲဖြေဆိုရာတွင် Reaction အတွက် မေးသောမေးခွန်းများသည် အော်ဂဲနစ်ဓာတ်ပြုခြင်း ရေးမှသာလျှင် အမှတ်ပြည့်ရမည် ဖြစ်ပါတယ်။ အော်ဂဲနစ် ဒြပ်ပေါင်း တစ်ခုချင်းစီအတွက် USES ကိုဖြေဆိုလျှင်လည်း ရောထွေးမှုမရှိဘဲ တိကျစွာဖြေဆိုနိုင်ရမည်ဖြစ်ပါတယ်။

ဆက်လက်ပြီး organic compounds တွေရဲ့ functional groups တွေကို chemical test နဲ့ ခွဲခြားတဲ့ reactions များကို ဇယားများနှင့်ဖော်ပြပေးထားပါတယ်။ ထိုဇယားဖော်ပြချက်များကို သေချာစွာလေ့ကျင့်ဖြေဆိုတတ်စေရန် Functional groups များ chemical test equations များနှင့် တွေ့ရှိချက်တို့ကို ရှင်းလင်းစွာ ရေးသားတတ်ဖို့လိုပါတယ်။

Organic compounds များ၏ functional groups တွေကို သတ်မှတ်ပေးနိုင်သော spectroscopic method- လေ့လာဖို့အတွက် ပထမဦးစွာ electromagnetic radiation and electromagnetic spectrum ကို လေ့လာသိရှိထားရမှာ ဖြစ်ပါတယ်။ Electromagnetic radiation ရဲ့ wavelength, frequency တို့နဲ့ energy ဆက်သွယ်ချက်ကို သိရှိနားလည်စေလိုပါတယ်။

Organic compounds တွေရဲ့ functional groups ကို spectroscopic techniques အမျိုးမျိုးနဲ့ ရှာဖွေနိုင်ပါတယ်။ အဲဒီထဲက Infrared spectroscopy ကို လေ့လာရမှာဖြစ်ပြီး IR spectroscopy ရဲ့ principle Molecules နဲ့ IR radiation တို့ interaction ဖြစ်ပေါ်ခြင်း molecules က IR radiation ရဲ့ စွမ်းအင်ကိုစုပ်ယူပြီး molecular vibration ဖြစ်ပေါ်စေခြင်း စသည်တို့ကို လေ့လာမှတ်သားရမည် ဖြစ်ပါတယ်။ ဖြစ်ပေါ်လာတဲ့ vibrational frequency က bond strength နဲ့ masses အပေါ်မူတည်ပြီး ပြောင်းလဲနေပါတယ်။ စုပ်ယူလိုက်တဲ့ frequency က molecule မှာရှိတဲ့ ဓာတ်စည်း သို့မဟုတ် groups တွေပေါ် မူတည်ပြီး ဖြစ်ပေါ်တဲ့အတွက် frequency တန်ဖိုးကိုသိရင် functional groups တွေကို ရှာဖွေနိုင်မှာဖြစ်ပါတယ်။

Molecules တွေရဲ့ IR active နဲ့ IR inactive တို့သည် Molecules များ၏ dipole moment changes ပေါ်မူတည်ပြီး- dipole moment changes ရှိမှသာ IR active dipole moment changes မရှိခဲ့လျှင် IR inactive ဖြစ်ပါတယ်။ ဥပမာ $N_2$ molecule ဟာ dipole moment changes မရှိတဲ့အတွက် IR inactive ဖြစ်ပါတယ်။ CO molecule ကတော့ dipole moment changes ရှိတဲ့အတွက် IR active ဖြစ်ပါတယ်။

Propanone ရဲ့ IR spectrum ကို လေ့လာတဲ့အခါ C-H နဲ့ C=O functional groups တို့ရဲ့ absorption band တွေကို 2980 $cm^{-1}$ နဲ့ 1700 $cm^{-1}$ တို့မှာ တွေ့ရှိနိုင်ပါတယ်။

IR spectrum တွေကို လေ့လာရာမှာ ယခုဖော်ပြထားတဲ့ characteristic absorption band နဲ့ band intensity ကို Table မှာပြသပေးထားပါတယ်။ ဒီဇယားကို အသုံးပြု၍ ပုံနှိပ်စာအုပ်တွင်ပါဝင်သော IR spectrum များနှင့် တိုက်ဆိုင်လေ့ကျင့်ထားမည်ဆိုလျှင် functional groups, wavenumber, and band intensity တို့ကို အကျွမ်းတဝင်သိရှိလာနိုင်ပါတယ်။

Table Some Characteristic Infrared Absorption Bands and their Intensitie

| Classes of compounds | Bond | Wavenumber ($cm^{-1}$) | Band intensity |
|---|---|---|---|
| alcohols, ethers, esters, carboxylic acids | C–O | 1050–1410 | strong |
| alkenes, aromatic compounds | C=C | 1620–1680 | medium, weak |
| amides, ketones, aldehydes, esters, carboxylic acids | C=O | 1650–1750 | strong, sharp |
| alkynes | C≡C | 2100–2260 | medium, weak |
| carboxylic acids | O–H | 2500–3300 | strong, very broad |
| aldehydes | C–H | 2720–2820 | medium, weak |
| alkanes, alkenes | C–H | 2850–3090 | strong |
| alcohols | O–H | 3200–3600 | strong |
| amines, amides | N–H | 3300–3500 | weak, medium |

ဥပမာအားဖြင့် ethanol, ethanoic acid, ethanamine တို့ရဲ့ infrared spectra တွေကို လေ့လာမယ်ဆိုရင် 3400 $cm^{-1}$, 2950 $cm^{-1}$ တို့မှာ OH နဲ့ CH stretching vibration ကို တွေ့နိုင်ပါတယ်။ 3200 $cm^{-1}$ မှာ acid OH stretching, 2950 $cm^{-1}$ မှာ CH stretching, 1700 $cm^{-1}$ မှာ C=O stretching တို့ကို တွေ့ရှိမှာဖြစ်ပါတယ်။ Ethanamine ရဲ့ IR spectrum မှာ 3400 $cm^{-1}$ မှာ NH stretching, 2900 $cm^{-1}$ မှာ CH stretching တို့ကို တွေ့ရှိရမှာဖြစ်ပါတယ်။ OH, C=O ကဲ့သို့ bond polarity မြင့်လျှင် absorption band ရဲ့ intensity လည်း များမှာဖြစ်ပါတယ်။ Hydrogen bond ဖြစ်ပေါ်မှုကြောင့် bond polarity များပြီး absorption band ရဲ့ intensity လည်း မြင့်လာတယ်။ Peak ကလည်း broad ဖြစ်မှာဖြစ်ပါတယ်။

Macromolecules မှာတော့ natural and synthetic polymers တွေရဲ့ examples တွေကို သိရှိရမှာဖြစ်ပါတယ်။ Monomers များ ပေါင်းစပ်ပြီး polymerisation ဖြစ်ပေါ်လာပုံကိုလည်း ဖော်ပြပေးထားပါတယ်။ Polymerisation process မှာ addition polymerisation process ကို သိရှိနားလည်ရမှာဖြစ်ပါတယ်။ Addition polymers တွေရဲ့ ဂုဏ်သတ္တိများနှင့် အသုံးဝင်မှုတွေကိုလည်း သိရှိထားရမှာဖြစ်ပါတယ်။ Condensation polymerisation မှာ monomers တွေက အမျိုးမတူတဲ့ functional groups နှစ်မျိုး ပါဝင်ပြီး polymerisation ဖြစ်ပြီးတဲ့အခါ repeated linkage ကိုလည်း သိရှိ နားလည်ရမှာဖြစ်ပါတယ်။ အသုံးဝင်ပုံနှင့် ဂုဏ်သတ္တိများကိုလည်း မှတ်သားသိရှိရမှာ ဖြစ်ပါတယ်။

Plastics and environment မှာတော့ ပလတ်စတစ်အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာများ၊ ၎င်းတို့ကို လျော့ကျစေဖို့အတွက် recycling plastics နဲ့ degradable plastics တို့ကို ထုတ်လုပ်သုံးစွဲပြီး ပလတ်စတစ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချဖြေရှင်းနိုင်မည့်နည်းလမ်းများကို သိရှိထားဖို့ လိုအပ်ပါတယ်။ Recycling symbols များကို နားလည်သိရှိဖို့လိုပါတယ်။

Chapter တိုင်းမှာ ပေးထားတဲ့ review questions များ၊ exercises များနှင့် problems များကိုလည်း သေသေချာချာလေ့လာထားဖို့ လိုအပ်ပါတယ်။

၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ Grade 12 Chemistry မေးခွန်းနမူနာပုံစံကို ဖြေဆိုပြထားသည့်အတွက် ဓာတုဗေဒဘာသာရပ် ဖြေဆိုမှုကို အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။ Chapter တစ်ခုချင်း အလိုက် အကျဉ်းချုပ်လေ့လာမှတ်သားရန်တို့ကိုလည်း ရေးသားတင်ပြထားသည့်အတွက် တပည့်တို့အနေနဲ့ နားလည်သဘောပေါက်ပြီဟု ယူဆပါသည်။ ထို့ကြောင့် chapter တစ်ခုချင်း အသေးစိတ်သေချာစွာလေ့လာဖို့၊ ကျိုးကြောင်းဆက်စပ် တွေးခေါ်တတ်ဖို့ လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ပုစ္ဆာတွေ၊ မေးခွန်းတွေကိုပါ လေ့ကျင့်ထားဖို့ လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို ပြည့်စုံအောင်ရေးဖို့၊ သက်ဆိုင်ရာ မေးခွန်းနံပါတ်ကို ဖြေဆိုရာမှာ မှန်ကန်စွာရေးသားဖော်ပြဖို့ သတိပြုရပါမယ်။

နိဂုံးချုပ်အနေနှင့် ၂၀၂၆ ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာဖြေဆိုနိုင်ပြီး မိမိကြိုးစားအားထုတ်မှု ရလဒ်ကောင်းများဖြင့် အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။

************************************************

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၀၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ရာသီ၌ မြေပဲ ၁၀၀၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၅၃၅ ဧကကို ၂၀၂၅ခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲ ၁၀၀၁ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း၊ အဆိုပါ မြေပဲများ လျာထားဧကအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပေါင်းစပ်ဆောင်ရွက်နေကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ ဆောင်းသီးနှံမြေပဲစိုက်ပျိုးဖို့အတွက် သီးနှံစတင် မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင် ဆောင်ရွက်ပေးထားပါတယ်။ ဒါ့ပြင် တောင်သူတွေစိုက်တဲ့ မြေပဲတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေသြဇာတွေကိုလဲ ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးထားပါတယ်။ ဓာတ်မြေသြဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်းအသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းလုပ်ဆောင် ပေးနေပါတယ်။ အထွက်နှုန်းနဲ့သီးနှံတွေ အရည်အသွေး ပြည့်မီရေးအတွက်ကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကအားလုံး ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ အုပ်ချုပ်ရေးအဖွဲ့ စသည့်ဌာနအဖွဲ့အစည်းများက ပေါင်းစပ်ဆောင်ရွက်နေကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ငါန်းဇွန်မြို့နယ် ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငါန်းဇွန် ဇန်နဝါရီ ၁၀**

တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်နှင်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်တလုံးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၈ ဒသမ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၈ ဒသမ ၄၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ်သုညဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၁၃ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၁ ဦးကို ရန်ပုံငွေကျပ် ၃၁ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

အောင်ရဲကျော်

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## တိရစ္ဆာန်များနှင့်တောမြေခွေး

ဒီတစ်ပတ်မှာတော့ မြေးတို့ကို ဘိုးဘိုးက **"တိရစ္ဆာန်များနှင့်တောမြေခွေး"** ဆိုတဲ့ ပုံပြင်လေး ပြောပြချင်ပါတယ်ကွယ်။

တစ်ခါက သီးနှံတွေပေါကြွယ်ဝတဲ့ တောအုပ်ကြီးတစ်ခုရှိသတဲ့ကွယ်။ အဲဒီတောအုပ်ကြီးထဲမှာ တိရစ္ဆာန်အပေါင်းကလဲ အေးချမ်းပျော်ရွှင်စွာနဲ့ ချစ်ချစ်ခင်ခင် နေထိုင်ကြသတဲ့ကွယ်။

"ဗျို့ ဦးယုန်ကြီး ဘယ်သွားမလို့လဲဗျ"

"ကိုသမင်အိမ်ကို ခဏသွားမလို့လေ။ သူ နေမကောင်းဘူးလို့ သတင်းကြားလို့ပါ"

"ကျုပ်လဲ ညနေမှ ခဏတစ်လေး သွားပို့အုံးမယ်"

ဒါနဲ့ ဦးယုန်ကြီးလဲ ကိုသမင်အိမ်သွားတော့ လမ်းမှာ တောမြေခွေးကြီးတစ်ကောင်ကို တွေ့လိုက်ရလို့ အံ့သြသွားတာပေါ့ကွယ်။

"ဒီတောမြေခွေးဟာ မကောင်းတဲ့အကြံနဲ့ ဒီကို ရောက်လာတာနေမယ်"လို့တွေးပြီး

"ဘာကိစ္စနဲ့ ဒီတောကို ရောက်လာရတာလဲ ကိုမြေခွေး"လို့ မေးလိုက်သတဲ့ကွယ်။

ဦးယုန်ကြီးရဲ့ အမေးစကားကို ကြားလိုက်တဲ့အခါမှာ တောမြေခွေးက "ဘာကြောင့်မေးတာလဲ ဦးယုန်ကြီး။ ကျုပ်က ဒီတောမှာနေမလို့လာတာပါ"လို့ ပြန်ဖြေပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်ပါသတဲ့ကွယ်။

ဦးယုန်ကြီးက "အသင်တောမြေခွေး ဒီတောကြီးထဲမှာနေထိုင်ရင် ကောင်းမွန်စွာနေထိုင်ပါ။ အချင်းချင်း ချစ်ခင်ပါ၊ ကူညီပါ"လို့ပြောပြီး သမင်ကလေးရဲ့အိမ်ကို ထွက်သွားသတဲ့ကွယ်။

တောမြေခွေးလဲ တောထဲကိုဝင်ပြီး အစာရှာထွက်သွားတာပေါ့ကွယ်။ တစ်နေရာအရောက်မှာ ဒရယ်ကလေးတစ်ကောင်ကို တွေ့လိုက်တာပေါ့ကွယ်။ ဒါကြောင့်ဒရယ်ကလေးကို ဖမ်းဆီးလိုက်ပါသတဲ့ကွယ်။

ဒရယ်ကလေးလဲကြောက်လန့်ပြီး "အသင် တောမြေခွေး ကျုပ်ဟာ ဒီတောထဲမှာ အန္တရာယ်ကင်းစွာ ရှာဖွေစားသောက်နေတာပါ။ အသင်တောမြေခွေးက ဘာကြောင့် ဖမ်းဆီးရတာလဲ"လို့ မေးမြန်းလိုက်တာပေါ့ကွယ်။

အဲဒီအခါမှာ မြေခွေးက "အသင်ရဲ့ အသားကို စားမလို့ ဖမ်းဆီးလိုက်တာပေါ့"လို့ အသံကျယ်ကျယ်နဲ့ ပြန်ဖြေလိုက်သတဲ့ကွယ်။

တောမြေခွေးရဲ့စကားကိုကြားတဲ့အခါမှာ ဒရယ်ကလေးက "အသင်တောမြေခွေး၊ ဒီတောထဲမှာနေတဲ့ တိရစ္ဆာန်တွေဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်နေပါမယ်ဆိုတဲ့ ကတိစကားကို လိုက်နာရပါတယ်"လို့ ပြောလိုက်ပါသတဲ့ကွယ်။

ဒါပေမဲ့ တောမြေခွေးက ဒရယ်ကလေးရဲ့စကားကို နားမထောင်ဘဲ စားသောက်ဖို့အတွက် ဒရယ်ကလေးကို ကိုက်ဖို့ဟန်ပြင်လိုက်သတဲ့ကွယ်။

အဲဒီအဖြစ်အပျက်ကိုမြင်လိုက်တဲ့ ဖျိုင်းကလေးကလဲ ပညာရှိဇီးကွက်ကြီးဆီကို အပြေးအလွှားနဲ့



သွားရောက်ပြောဆိုလိုက်တာပေါ့ကွယ်။ ဖျိုင်းကလေးရဲ့စကားကိုကြားတဲ့အခါ ပညာရှိဇီးကွက်ကြီးလဲ တောမြေခွေးရှိတဲ့နေရာကို သွားရောက်တွေ့ဆုံတာပေါ့ကွယ်။ တောမြေခွေးဆီရောက်တဲ့အခါမှာ ဒရယ်ကလေးကိုဖမ်းဆီးထားတာကိုတွေ့လိုက်ရသတဲ့ကွယ်။

နောက်တော့ ပညာရှိဇီးကွက်ကြီးက "အသင်တောမြေခွေး၊ ဘာကြောင့် သူများအသက်ကို ရန်ရှာနေရတာလဲ၊ အခု ဒရယ်ကလေးကို ပြန်လွှတ်လိုက်ပါ" လို့ပြောလိုက်သတဲ့ကွယ်။

အဲဒီအခါမှာ တောမြေခွေးက "ကျုပ်ရဲ့ဆာလောင်မှုကြောင့် ဒရယ်ကလေးကို ဖမ်းရတာပဲ။ သင်နဲ့ဘာဆိုင်လို့လာဝင်ပြောရတာလဲ"လို့ ဒေါသတကြီး ပြောဆိုကာ ဒရယ်ကလေးကိုကိုက်ချီပြီး ထွက်ပြေးသွားသတဲ့ကွယ်။

ပညာရှိဇီးကွက်ကြီးလဲ တောမြေခွေးရဲ့အပြုအမူကြောင့် တောတွင်းတိရစ္ဆာန်တွေကို တောမြေခွေးနဲ့ မတွေ့အောင်နေထိုင်ဖို့ သတိပေးစကားပြောလိုက်တာပေါ့ကွယ်။

ပညာရှိဇီးကွက်ကြီးရဲ့စကားအတိုင်း တောတွင်းတိရစ္ဆာန်တွေဟာ တောမြေခွေးနဲ့မတွေ့အောင် သတိထားနေထိုင်ကြတာပေါ့ကွယ်။ ဒါကြောင့် တောမြေခွေးလဲ အစားအစာရှာဖွေတဲ့အခါ အခက်အခဲဖြစ်လာတော့တာပေါ့ကွယ်။

အဲဒီအခါမှာ တောမြေခွေးက "အစာရဖို့ ကြံမှဖြစ်မယ်။ ငါ့ရဲ့အမူအကျင့်ကို တိရစ္ဆာန်တွေအားလုံးက သိနေကြပြီ"လို့ပြောပြီးတော့ ချုံတစ်ခုဘေးမှာ လှဲနေလိုက်တာပေါ့ကွယ်။ တောမြေခွေးရဲ့ အဖြစ်အပျက်ကို ယုန်ကလေးက မြင်သွားတာပေါ့ကွယ်။

တောမြေခွေးဟာ အစာရှာမရလို့ အခုလိုကြံစည်နေတာဖြစ်မယ်လို့တွေးပြီး "အသင်တောမြေခွေး အစာရှာရင်း ဒဏ်ရာရလာတာလား"လို့ ယုန်ကလေးက မေးလိုက်သတဲ့ကွယ်။

အဲဒီအခါမှာ တောမြေခွေးက "ကျွန်ုပ်အစာ မစားရလို့ အားအင်ပြတ်နေပါပြီ။ ကူညီပါအုံး ယုန်ကလေးရယ်"လို့ ပြောလိုက်သတဲ့ကွယ်။

အဲဒီလို ပြောလိုက်တဲ့အခါ ယုန်ကလေးက "သင်က သူတစ်ပါးအသက်ကို စားသုံးတာ။ ကျုပ်က အသီးအရွက်စားတာ၊ မကူညီနိုင်ပါဘူး"လို့ ဖြေလိုက်တဲ့အခါ တောမြေခွေးကလဲ ဒေါသထွက်ပြီး ယုန်ကလေးကို ဖမ်းဆီးလိုက်ပါသတဲ့ကွယ်။ နောက်ပြီး တောမြေခွေးက "အသင်ယုန် ငါ့လက်ကနေ မလွတ်နိုင်တော့ပါဘူး။ သင့်အသားကို ဝဝလင်လင်စားတော့မယ်"လို့ ပြောလိုက်သတဲ့ကွယ်။

ယုန်ကလေးကလဲ "အသင်တောမြေခွေးရဲ့ မကောင်းကြံတတ်တဲ့စိတ်ထားကိုသိလို့ လာရောက်မေးမြန်းတာပါ"လို့ မကြောက်မရွံ့ပြန်ဖြေလိုက်သတဲ့။

တောမြေခွေးက အံ့သြပြီး "ငါ့ရဲ့ မကောင်းကြံတဲ့စိတ်ကို ဘယ်လိုသိလဲ"လို့ မေးမြန်းလိုက်တဲ့အခါ ယုန်ကလေးက "သင်ဟာ ကျုပ်မိတ်ဆွေ ဒရယ်ကလေးရဲ့စကားကို နားမထောင်ဘဲ ဖမ်းဆီးစားသောက်ခဲ့တယ်။ အခုလဲ ကျုပ်ကို ဖမ်းဆီးပြီး စားသောက်မယ်ပြောတယ်။ သင့်အကြံကိုသိလို့ ကျုပ်ရဲ့မိတ်ဆွေကျားကြီးကို ခေါ်လာတယ်"လို့ ပြန်ပြောလိုက်တဲ့အခါ တောမြေခွေးလဲ အလွန်ကြောက်လန့်ပြီး ယုန်ကလေးကို လွှတ်ပေးလိုက်ပါတဲ့ကွယ်။

နောက်ပြီး တောမြေခွေးက "ကျုပ်က အသင့်ကို ချစ်လို့ ကျီစားတာပါ ယုန်ကလေး၊ အထင်မလွဲပါနဲ့"လို့ ပြောသတဲ့ကွယ်။

အဲဒီအခါမှာ ကျားကြီးက "တောမြေခွေး၊ သင်ဟာ အခုချိန်ထိ မကောင်းကြံတဲ့စိတ်ကို ဖုံးကွယ်ပြီး လိမ်လည်ပြောဆိုနေတယ်။ သင့်ရဲ့မကောင်းတဲ့အကျင့်နဲ့ဒီတောထဲမှာ နေဖို့မသင့်ဘူး။ အခုထွက်သွားပါ။ သင်မသွားရင် ကျုပ်ရဲ့အစာဖြစ်လိမ့်မယ်"လို့ ပြောလိုက်သတဲ့ကွယ်။

တောမြေခွေးလဲ သူ့ရဲ့မကောင်းတဲ့စိတ်ထားကြောင့် အရှက်ရပြီး တောကြီးအတွင်းကနေ ထွက်ပြေးသွားပါတော့တယ်ကွယ်။

ပုံပြင်လေးကတော့ ဒီလောက်ပါပဲကွယ်။ မြေးတို့လဲ တစ်ယောက်ကိုတစ်ယောက်လေးစားချစ်ခင်တတ်ရမယ်နော်။ မကောင်းတဲ့စိတ်၊ မကောင်းတဲ့အကြံအစည်ကိုမထားဘဲ တစ်ယောက်အခက်အခဲကို တစ်ယောက်က ကူညီဖြေရှင်းတတ်သူဖြစ်အောင် ကြိုးစားကြပါလို့ ဘိုးဘိုးက တိုက်တွန်းလိုက်ရပါတယ်ကွယ်။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**

## ယုံယုံကြည်ကြည် ပန်းတိုင်ဆီ

À ယုံယုံကြည်ကြည် ပန်းတိုင်ဆီ
လျှောက်လှမ်းကြရမည်၊
လူငယ်ဟူသည် အမြဲတမ်း
ပြောင်မြောက်ရဲရင့်စွမ်း။

À မညှိုးမနွမ်း စိတ်သန္တာန်
ရိုးသားဖြောင့်မတ်မှန်၊
ဖွံ့လုံ့လမာန် မွေးမြူလျှက်
ရှေ့သို့ခရီးဆက်။ ။



**ရဲသွေးနီ(တက်ဝန်)**

## ပစ်တိုင်းထောင်

À ပစ်တိုင်းထောင်လေး ချစ်စရာ
ခြေလက် သူမပါ။

À ခေါင်းနှင့်ကိုယ်သာ သူ့မှာရှိ
ထူးခြားလှပ၏။

À မိုးပေါ်အထိ ပင့်မြှောက်သော်
မြေသို့ ကျလည်းပျော်။

À ထောင်လျက်သာနေ်ာ မလဲဘူး
သူ့ဂုဏ်ပုဒ်ကထူး။ ။



**မောင်မျိုးချစ်(အညာမြေ)**

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**တမူး ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် ဖူးစားပြောင်း၁၀၂၅ ကေ စိုက်ပျိုးရန်လျာထားပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ မြို့သစ်မြို့နယ်တွင် ကေ ၂၇၀၊ တမူးမြို့နယ်တွင် ကေ ၃၆၀ နှင့် ခါမ်းပါတ်မြို့တွင် ၄၅၇ ကေ စုစုပေါင်း ၁၀၈၇ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ တမူးခရိုင်မှာ ဖူးစားပြောင်း ၁၀၂၅ ကေ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ၁၀၈၇ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ဖူးစားပြောင်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့် အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဟသ်ာတမြို့နယ် ဘန်ဘွေ့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟသ်ာတ ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ စစ်ကုန်းကျေးရွာအုပ်စု ဘန်ဘွေ့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အဆိုပါကျေးရွာ၌ ဇန်နဝါရီ ၉ ရက်က တာဝန်ရှိသူများ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟသ်ာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်လေးမြင့်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက စီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟသ်ာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်လေးမြင့်နှင့် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဘန်ဘွေ့ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၂၅၂ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၃၅ သိန်း၊ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ ၄ ဦးကို ငွေကျပ် ၁၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**

## အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့်ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကိုပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm







## သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာနတွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်) ဝန်ထမ်းအဖြစ် ခန့်အပ်ရန်အလိုရှိပါသည်-

(က) ကြေညာသူ(မြန်မာ)၊ ကြေညာသူ(အင်္ဂလိပ်)၊ ကြေညာသူ(တိုင်းရင်းသား)

( ခ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

( ဂ ) အယ်ဒီတာ(မြန်မာ) (ဝိဇ္ဇာဘွဲ့(မြန်မာစာ)နှင့်ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ) ဦးစားပေးမည်)

(ဃ) အယ်ဒီတာ(အင်္ဂလိပ်) (ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)နှင့်မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ဦးစားပေးမည်)

( င ) အသံဖမ်း(မြန်မာ/အင်္ဂလိပ်) (ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

( စ ) ပရိုဂရမ်မာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျန်းမာရေးကောင်းမွန်သူများဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကျော်စေရ။

( ဂ ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။

(ဃ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

( င ) တူရိယာပစ္စည်းတစ်မျိုးမျိုး တီးခတ်နိုင်သူ (သို့မဟုတ်) အသံကောင်းမွန်သူ (သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုးအား တတ်ကျွမ်းသူဖြစ်ရမည်။

( စ ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အလုပ်လျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် **၀၃၃-၆၀၁၇၀** နှင့် **၀၉၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်၍ဖြစ်စေ အခမဲ့ ထုတ်ယူနိုင်ပါသည်။

၄။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့** နောက်ဆုံးထား၍ပေးပို့ရမည်။

၅။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့**များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။
**ဖုန်းနံပါတ်** ၀၃၃-၆၀၁၇၀ နှင့် **၀၉၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## Bakery & Snack ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ပို့ချမည်

**ရည်ရွယ်ချက်** - ရာသီအလိုက်ပေါများစွာထွက်ရှိသော ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံများကို တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ကျန်းမာရေးနှင့် ညီညွတ်စွာထုတ်လုပ်တတ်စေရန် တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန်

**သင်တန်းကာလ** - ၂၆-၁-၂၀၂၆ ရက်နေ့မှ ၁-၂-၂၀၂၆ ရက်နေ့အထိ

**သင်တန်းချိန်** - နံနက် ၀၉:၀၀ နာရီမှ ၁၆:၃၀ နာရီထိ

**ဖွင့်လှစ်မည့်နေရာ** - ၈၂လမ်းx၂၅လမ်းထောင့်၊အောင်မြေသာစံမြို့နယ်၊မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး

**ပို့ချမည့် ဘာသာရပ်များ** - ကိတ်မုန့်၊ ပေါင်မုန့် Bakery အမျိုးမျိုးထုတ်လုပ်နည်း

**အထောက်အကူပြု** - စားသုံးသူရေးရာဦးစီးဌာနမှ အစားအသောက်နှင့်ပတ်သက်၍ သိရှိရမည့် အချက်အလက်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းအောင် စနစ်တကျထုတ်လုပ်တတ်စေရန် နည်းလမ်းများအကြောင်း

**သင်တန်းကြေး** - သင်တန်းကြေးအခမဲ့

**သင်တန်းပို့ချမည့် ဆရာများ** - မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြများနှင့် ကျွမ်းကျင်ပညာရှင်များကိုယ်တိုင်ပို့ချပါမည်။

သင်တန်းပြီးဆုံးသည်နှင့် စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပြီး ဤဌာနမှ လိုအပ်သောအကြံဉာဏ်များနှင့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပါမည်။

**ဆက်သွယ်စာရင်းပေးရန်**

**မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**
**၈၂ လမ်း x ၂၅ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**၀၂-၄၀၃၉၆၀၉၊ ၀၉-၆၇၅၇၈၂၁၂၄၊ ၀၉-၉၆၀၀၃၀၉၈၂။**
**သင်တန်းဆင်းလက်မှတ် ပေးအပ်ပါသည်။**
**သင်တန်းသားဦးရေ (၂၀)ဦးထိသာ ကန့်သတ်ထားပါသည်။**

## ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့၊ ရပ်ကွက်(၃)နေ မသန္တာဦး (ဘ) ဦးအိုက်ဝင်ပူး (၁၃/ကခန(နိုင်)၀၅၈၂၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**09-691037300**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ၁၂ ကိုင်း ရွာသစ်နေ ဦးနိုင်ဝင်းကို (၉/စကတ(နိုင်)၁၁၄၈၈၀)- ဒေါ်မြမွန်(၁၃/ဗလန(နိုင်)၀၉၃၇၂၀)၏သား မောင်အောင်ကိုကိုနိုင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်အောင်ကိုဟိန်းဖြစ်ပါကြောင်း။ **မောင်အောင်ကိုဟိန်း**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

❖ ငြိမ်းချမ်းရေးတံခါးကို ကျွန်တော်တို့အနေနဲ့ အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိနေပါတယ်။ ဒါကြောင့် လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးက မိမိတို့ရဲ့ လိုလားချက်တွေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာရေးကို အားပေးဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ်–Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၇၈ နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



၇၈ နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

၇၈ နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးဝင်းရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးဉာဏ်ထွန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်၊ Jeng Phang နော်တောင်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဓာတုဗေဒဘာသာရပ် သိကောင်းစရာ

စာမျက်နှာ - ၂၄

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနား တက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

စာမျက်နှာ - ၂၁

ကလေးဝမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၉ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၃၈ ကီလိုကျော်ဖမ်းဆီးရမိ

စာမျက်နှာ - ၂၁

# မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စီးပေါ်တွင် လိုက်ပါလာသူများကို တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၏ တောင်ဘက် ရေမိုင် ၁၅၆ မိုင်ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စီးပေါ်မှ လိုက်ပါလာသူများကို တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်အစောပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၏ တောင်ဘက် ရေမိုင် ၁၅၆ မိုင်ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လှေတစ်စင်း ရေဝင်နစ်မြုပ်နေကြောင်း ဇေတိကရေနံစင်၏ အထောက်အကူပြုရေယာဉ်များ၏

စာမျက်နှာ ၂၀ ကော်လံ ၁ ❑

မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေပေါ်တွင် လိုက်ပါလာသူများကို တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက စားသောက်ဖွယ်ရာများကျွေးမွေးစဉ်။



Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၅၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၃၉